# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 10 July 2023 ၁၁၁၅၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွား မည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၆၉၆၄၅ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေကိုအမှီပြုပြီး တစ်မြို့နယ်လုံး မိုးစပါး ၆၉၆၄၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ယခုနှစ် မဲဇလီရေလွှဲဆည်ရေ၊ မြေအောက်ရေ၊ အခြား ဆည်ငယ်/ကန်ငယ်ရေဖြင့် တစ်မြို့နယ်လုံး မိုးစပါး ၆၉၆၄၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဒေသတွင်းရှိ မိုးစပါးစိုက်ပျိုးကြမယ့် တောင်သူတွေကို တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး စိုက်နည်းစနစ်များ မှန်ကန်ဖို့၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်း အချိုးကျမှန်ကန်စွာ စနစ်တကျသုံးစွဲကြဖို့၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




## လာမည့် ထောပတ်သီးရာသီတွင် အိန္ဒိယနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၁၀၀၀ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြင်ဦးလွင် ဇူလိုင် ၉

လာမည့် ထောပတ်သီးရာသီတွင် အိန္ဒိယနိုင်ငံက ထောပတ်သီးတန်ချိန် ၁၀၀၀ ဝယ်ယူရန် ကမ်းလှမ်းထားရှိမှုများရှိနေ၍ တင်ပို့ရောင်းချသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးညွန့်က ပြောသည်။

### တင်ပို့ရောင်းချသွားမည်

အဆိုပါ မြန်မာထွက်ကုန် ထောပတ်သီးများ၏ ရာသီချိန်သည် နိုဝင်ဘာလမှ စတင်ထွက်ရှိပြီး လာမည့်နှစ် ဖေဖော်ဝါရီလထိ ရာသီချိန်ဖြစ်၍ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရောင်းချနိုင်ရေးအတွက် အိန္ဒိယနိုင်ငံ သစ်သီးကုန်သည်အဖွဲ့အစည်းမှ လာမည့်ထောပတ်ရာသီတွင် တန်ချိန် ၁၀၀၀ ကမ်းလှမ်းထားရှိ၍ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယကို လာမယ့်ထောပတ်ရာသီမှာ တင်ပို့ရောင်းချသွားမှာပါ။ အိန္ဒိယကုန်သည်တွေက မြန်မာ ထောပတ်သီးကို ၂၀၁၉ ခုနှစ်ကနေ စပြီးတော့ ရှမ်းပြည်နယ် တောင်ကြီးမြို့အထိလာရောက်ဝယ်ယူတာ ရှိပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ယနေ့ ဖတ်စရာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအစီရင်ခံစာဆိုင်ရာ တံခါးဖွင့်အစည်းအဝေးတို့အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက် — စာမျက်နှာ » ၅

ပန်းလိုစိုက်ပျိုး ပိုးလိုမွေးမြူရမည့် ကလေးသူငယ်များ — ဆောင်းပါး စာမျက်နှာ » ၆

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဘေးသင့်မြို့နယ်များသို့ ပြန်လည်ထူထောင်ရေး





ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ — စာမျက်နှာ » ၈

နှစ် (၅၀) ပြည့် ရွှေရတုသက်တမ်းနှင့် သုတပဒေသာစာစောင် — ဆောင်းပါး စာမျက်နှာ » ၁၀

၁၃၈၅ (၂၀၂၃) ခုနှစ် အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာချက် — စာမျက်နှာ » ၁၂

ကြေးမုံ

# သမားဂုဏ်နှင့်အညီ နိုင်ငံ့သားကောင်းရတနာ

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားမှုများ အောင်မြင်ပြီးဆုံးခဲ့သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၄ ဦးတို့သည် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တိတိ စတင်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ သင်တန်းကာလပြီးမြောက်ပါက လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ကြမည်ဖြစ်သည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ နှစ်စဉ်ဆေးပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ဆေးပညာရှင်ဆရာဝန် ၄၇၃၃၇ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ๅ၄၃၇ ဦး၊ ဆေးဝါးပညာရှင် ၄၂၂၂ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာရှင် ၄၅၂၉ ဦး၊ သူနာပြုသိပ္ပံဘွဲ့ရ ၉၄၉၆ ဦးနှင့် ကျန်းမာရေးပညာရှင် ၂၃၆၆ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်းမာရေးပညာရှင်များသည် မိမိတို့ပညာထူးချွန်မှုအပေါ် မူတည်၍ မိမိတို့ဝါသနာအရလည်းကောင်း၊ မိဘများက တိုက်တွန်းမှုအရလည်းကောင်း ဆေးပညာများ တတ်မြောက်လာကြသူများဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဆေးပညာတတ်မြောက်လာကြသူများအနေဖြင့် မိမိအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ဆရာဝန်တစ်ယောက်ဖြစ်လာသည့်အခါ လိုက်နာကျင့်ကြံရမည့် ဆရာဝန်ကျင့်ဝတ်ဖြစ်သည့် “ဥပဋ္ဌာနံ အနုကမ္ပာ ဒယာ” ဆရာဝန်တစ်ဦးဖြစ်သောကျွန်ုပ်သည် ဝေဒနာရှင်လူနာအား ဥပဋ္ဌာနံ- စိတ်ရောကိုယ်ပါ ယုယုယယ ပြုစုကုသပါမည်၊ အနုကမ္ပာ- ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက် ပြုစုကုသပါမည်၊ ဒယာ- လူလူချင်း ညှာတာထောက်ထားသောအသိဖြင့် ပြုစုကုသပါမည်ဟူသည့်အချက်တို့ကို လိုက်နာစောင့်ထိန်းကြရသည်။

အဆိုပါ ဆရာဝန်ကျင့်ဝတ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာပေးအပ်နိုင်ရေးနှင့် မိမိတို့၏ဘဝတက်လမ်းနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ အဆင့်ဆင့်တက်လှမ်းရရှိနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်ကြခြင်းဖြစ်သည်။ ဆရာဝန်များအား ပြည်သူများက ရိုသေလေးစားအားကိုးအားထားပြုကြပြီး နိုင်ငံတော်အနေဖြင့်လည်း အချိန်များစွာ၊ အကုန်အကျများစွာကျခံပြီး မွေးထုတ်ပေးခြင်းဖြစ်၍ ဆရာဝန်တစ်ယောက်ဖြစ်လာသည့်အခါ နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်တုံ့ပြန်ပေးဆပ်ကြရန်လိုအပ်ပေသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်ပြီး တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ လူဦးရေအချိုးအစားအရ ဆရာဝန်များ လိုအပ်လျက်ရှိသဖြင့် နှစ်စဉ်မွေးထုတ်ပေးနေရသည်။ မွေးထုတ်ပေးခဲ့သောဆရာဝန်များအနက် အခြားနယ်ပယ်များသို့ရောက်ရှိသွားသူများနှင့် ပြီးခဲ့သည့်ကာလက နိုင်ငံရေးပယောဂကြောင့် အပေါသိကံဖြစ်သွားရသည့်ဆရာဝန်များစွာရှိသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် လိုအပ်ချက်များရှိနေချိန်၌ မွေးထုတ်ပေးလိုက်သည့် မောင်မယ်သစ်လွင် အလုပ်သင်ဆရာဝန်များက နိုင်ငံ့တာဝန်များထမ်းဆောင်ကြပြီး တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးကြတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်သည်။

ဆရာဝန်တစ်ယောက်ဖြစ်လာရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယ၊ စစ်မှန်သောခံယူချက်၊ ယုံကြည်ချက်၊ ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ်ကြိုးစားအားထုတ်မှုကြောင့်သာ အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်လာခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဆရာဝန်တစ်ယောက်ဖြစ်မှသာ သမားဂုဏ်ဒြပ်များ မြင့်မားလာမည်ဖြစ်သည်။ ပြည်တွင်းဘွဲ့လွန်ဆေးပညာရပ်များအပြင် ပြည်ပဘွဲ့လွန်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်မည်ဖြစ်သည်။ ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ရရှိမည့်လစာအပြင် ညဂျူတီနှင့် စားစရိတ် သတ်မှတ်ချီးမြှင့်ငွေများနှင့် နေထိုင်ခွင့်များရရှိမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ပြီး ကိုယ်ပိုင်အချိန်များတွင် ပြင်ပ၌ ဆေးကုသခွင့်များရရှိနေသည်။

နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ အများပြည်သူ အသက်ရှည်ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ပေးရသဖြင့် အလွန်မွန်မြတ်ပေသည်။ နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးမှုများနှင့်အတူ မိမိ၏သမားဂုဏ်လည်း မြင့်မားတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းအားထုတ်နိုင်သည်။ အထူးသဖြင့် ဆေးပညာဖြင့် နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်ပေးဆပ်နိုင်ခြင်း၊ ပြည်သူများလိုအပ်နေသည့် ဆေးကုသမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ခြင်း၊ မဖြစ်ပွားသေးသောရောဂါဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ပေးနိုင်ခြင်းတို့ကို ထူးကဲမွန်မြတ်စွာ စွမ်းဆောင်နေကြသည်။

သို့ဖြစ်ရာ ငွေကြေး၊ အချိန်များစွာပေးဆပ်၍ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားအားထုတ်ခဲ့ကြသော ဆေးပညာရှင်များအား သမားဂုဏ်၊ သမားကျင့်ဝတ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုနေသည့် သားကောင်းရတနာများအဖြစ် ရှုမြင်ပါကြောင်း။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

“ ကမ္ဘာ့လူဘောင်သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှု ဟန်ချက်ညီအောင်ကြိုးစားစို့ ”

“ Balancing the population and development, let’s strive for better future ”

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်နှင့် ရန်ကင်းမြို့နယ်ရှိ ပဋ္ဌနိကာယသာသနဗိမာန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဇေတဝန်(ဘ/က) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပုဂံအတွင်းဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဖရဲငွေတောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်သွေးလှူဒါန်းမည်



ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက ဆက်လက်ပြောကြားသည်။

ယင်းနောက် တိုင်းအထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦးက သွေးလှူဒါန်းနိုင်ရန် စီစဉ်ထားမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဘဏ္ဍာရေးမှူး ဦးနေဝင်းအောင်က ငွေကြေးဆိုင်ရာကိစ္စရပ်များကို တင်ပြခဲ့သည်။

ထို့နောက် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်အလုပ်အမှုဆောင်များက လိုအပ်ချက်များနှင့် သိလိုသည်များကို မေးမြန်းကြသည်။

မေးခွန်းများအပေါ် တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ပြီး ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက လိုအပ်ချက်များအပေါ် ဖြည့်စွက်ပြောကြားခဲ့သည်။

တင်ဝင်းတင်


ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်းတံတားများနှင့် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတကာကုန်သွယ်မှုအတွက် အရေးပါသည့် သီလဝါဆိပ်ကမ်းဒေသရှိ နိုင်ငံတကာဆိပ်ကမ်းတံတားများနှင့် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine–RBE စက်ခေါင်းရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း Myanmar International Terminals Thilawa(MITT) ဘက်စုံသုံး ဆိပ်ကမ်းတံတားအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါရှိ ကုန်သေတ္တာနှင့် အထွေထွေ ကုန်စည်များကို ကိုင်တွယ်ဝန်ဆောင်မှုပေးနေသည့် Myanmar International Termi–nals Thilawa(MITT) ဘက်စုံသုံး ဆိပ်ကမ်းတံတားသို့ ရောက်ရှိပြီး MITT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ Regency SPC ကုမ္ပဏီ၏ စက်သုံးဆီ ကုန်တင်ကုန်ချ ဆိပ်ခံတံတားနှင့် စက်သုံးဆီ သိုလှောင်ကန်များ၊ International Bulk Terminal Thilawa(IBTT) ကုမ္ပဏီ၏ ကောက်ပဲသီးနှံ ဆိပ်ခံတံတား၊ ပိတောက်ရွှေဝါ ကုမ္ပဏီလီမိတက်၏ စက်သုံးဆီ ကုန်တင်ကုန်ချ ဆိပ်ခံတံတားနှင့် Wilmar Myanmar Port Terminal (Thilawa) Ltd ၏ ကောက်ပဲသီးနှံ ဆိပ်ခံတံတားများကို သွားရောက်၍ စက်သုံးဆီတင်သင်္ဘော၊ ခတ်မြေသြဇာတင် သင်္ဘောများပေါ်မှ ကုန်ပစ္စည်းများ ကုန်တင်ကုန်ချဆောင်ရွက်နေမှု၊ ကောက်ပဲသီးနှံနှင့် ပြောင်းဖူးစေ့များ ပြည်ပသို့ တင်ပို့ရန် ဆောင်ရွက်နေမှုနှင့် ဆိပ်ကမ်းဝင်းအတွင်းရှိ ခေတ်မီစက်ရုံကြီးများဖြင့် တန်ဖိုးမြင့် (Value Added)ထုတ်ကုန်များ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတံတားအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Wilmar Myanmar Port Terminal (Thilawa)Ltd ၏ အစည်းအဝေးခန်းမတွင် သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ မြေကွက် ၃၇ ကွက်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆိပ်ခံတံတားများ နေရာချထားပေးခဲ့မှု၊ လက်ရှိတွင် ဆိပ်ခံတံတား တည်ဆောက်ပြီးစီး၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော ကုန်သေတ္တာနှင့် အထွေထွေကုန်စည် ဆိပ်ခံတံတားကိုးစင်း၊ စက်သုံးဆီနှင့် LNG ဆိပ်ခံတံတား ရှစ်စင်းနှင့် ကောက်ပဲသီးနှံဆိပ်ခံတံတား နှစ်စင်း စုစုပေါင်း တံတား ၁၉ စင်းတို့တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ဆဲဖြစ်သော တံတား ၁၈ စင်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

**တင်ပြ**

ဆက်လက်၍ သီလဝါဆိပ်ကမ်းဒေသရှိ ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းများက ဆိပ်ကမ်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များနှင့် အကြံပြုချက်များကို တင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျသဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် အဓိကကျသည့် ဆိပ်ကမ်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့်လည်း ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သူများကို လိုအပ်သော ပံ့ပိုးမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဥပဒေနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ကြိုးကြပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်အတွက် ဝင်ငွေများစွာ ရှာဖွေပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public–Private Partnership)စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြရာ ဆိပ်ကမ်းလုပ်ငန်းသည် အရင်းအနှီးကြီးမားသည့် Infrastructure Investment လုပ်ငန်းဖြစ်ခြင်း၊ နည်းပညာနှင့် ကျွမ်းကျင်လုပ်သားများ အစဉ်အမြဲ လိုအပ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာဆိပ်ကမ်းများနှင့် တန်းတူရင်ပေါင်တန်း၍ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆိပ်ကမ်းဝန်ဆောင်မှု ကောင်းများကို ပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ဖြစ်ပေါ် တိုးတက်မှုများကိုလည်း မျက်ခြည်မပြတ် လေ့လာသုံးသပ်၍ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး (Safety)အပြင်၊ လုံခြုံရေး (Security)ကိုလည်း အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine–RBE စက်ခေါင်းရုံသို့ ရောက်ရှိပြီး စက်ခေါင်းရုံအတွင်း၌ West Corporation ထံမှ လက်ခံရရှိသည့် RBE တွဲများ ပြုပြင်ဆောင်ရွက်နေမှုနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(စက်မှု/လျှပ်စစ်)နှင့် RBE စက်ရုံမှူးတို့က ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❖ ပွင့်ဖြူမြို့နယ်မှ**

သဘာဝမြေသြဇာ ကိုယ်တိုင်ပြုလုပ်သုံးစွဲတတ်စေဖို့ စတဲ့ အခြေခံစိုက်ပျိုးရေးနည်းစနစ်တွေကို အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရေဖြန့်ဝေခြင်းကို ဇွန် ၁၅ ရက်ကစပြီး တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့ကတစ်ဆင့် ရေလက်တံမြောင်းများကို စိုက်ပျိုးရေ စနစ်တကျ ဖြန့်ဝေပေးထားပြီဖြစ်လို့ တောင်သူတွေက ယခုအချိန်မှာ မိုးစပါးသီးနှံလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူတွေ အဓိကစိုက်ကြတဲ့ စပါးမျိုးတွေကတော့ မနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ရောပဒေသာ၊ ပခန်းရွှေဝါ၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ရတနာတိုး စတဲ့ စပါးမျိုးတွေကို အားထားစိုက်ပျိုးကြပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

၂၀၂၃-၂၀၂၄ မိုးသီးနှံ စိုက်ပျိုးရာသီတွင်လည်း စပါး အပါအဝင် ဖူးစားပြောင်း၊ နှံစားပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံစုံနှင့် အခြားပရဆေးစိုက်ပျိုးရေးနှင့် စားပင်သီးနှံစုံ စုစုပေါင်း မိုးသီးနှံ ၁၀၉၅၀၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

**❍ ရွှေဖုံးမှ**

မြန်မာပြည်အနေနဲ့ အိန္ဒိယနိုင်ငံ သစ်သီးဝလံပြပွဲမှာ မြန်မာထောပတ်သီးကို သွားရောက်ပြသခဲ့ပါတယ်။ မြန်မာထောပတ်သီးကို ကြိုက်နှစ်သက်ကြပါတယ်။ ထောပတ်သီးတွေကတော့ အရည်အသွေးကောင်း ဆိုဒ်တွေမီဖို့လိုပါတယ်။ တင်ပို့သွားမှာကတော့ Hass မျိုး ထောပတ်သီးကို အဓိကထား တင်ပို့သွားမှာပါ။ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကနေ Border Trade တင်ပို့မှာပါ။ ဥရောပနိုင်ငံတွေကလည်း ချိတ်ဆက်လာတာရှိပေမယ့် သယ်ယူစရိတ်ကြီးမြင့်လို့ အဲဒီဘက်ဈေးကွက်ကို လက်လွှတ်ထားပြီး အာရှဈေးကွက်ကို အာရုံစိုက်ပြီးတော့ ဆောင်ရွက်နေပါတယ်”ဟု ၎င်းက ရှင်းပြသည်။

ပြည်တွင်း၌ ထောပတ်သီးစိုက်ဧကမှာ ၂၀၂၀ ပြည့်နှစ် စာရင်းများအရ ဧက ၂၀၀၀၀ ခန့်ရှိ၍ ချင်းပြည်နယ်တွင် စိုက်ပျိုးနိုင်ခြင်း မရှိသော်လည်း အခြားဒေသများ၌ စိုက်ပျိုးထုတ်လုပ်သူ များလာပြီး တစ်ဧကလျှင် Export Quality ထောပတ်သီးတန်ချိန် ၅၀၀၀ မှ ၁၀၀၀၀ ကြားထွက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

❏

---

## မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်း ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပွဲကျင်းပ

**မုဒုံ ဇူလိုင် ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းလီမိတက်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းသားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါ အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသန်းတင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးက ပညာသင်ထောက်ပံ့ကြေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သုံးဘာသာဂုဏ်ထူးရှင်၊ တစ်ဘာသာဂုဏ်ထူးရှင်နှင့် ရိုးရိုးအောင်မြင်သူများအား မုဒုံမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပညာမြင့်မှ လူမျိုးတင့်မည်**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေး မြို့နယ် သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ ရုံး အမှတ် (၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဦးစီးဌာနများ၏ ခရိုင်အဆင့်/မြို့နယ်အဆင့် ရုံးများ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယ ဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက် ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး မြို့နယ် သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကမ္ဘာနှင့် တစ်ဝန်း ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုး ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် အရိုးရှင်း ဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံး၊ သဘာဝနှင့် လိုက်လျောညီထွေမှုအဖြစ်ဆုံး လုပ်ငန်း တစ်ရပ်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ခြင်းသည် မိမိတို့ ကိုယ်တိုင် စိတ်ချမ်းသာမှုရခြင်း၊ အများအတွက် အကျိုးရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ် သည့်အတွက် သစ်ပင်များစိုက်ပျိုးကြရန်တိုက်တွန်း ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ က ကံ့ကော်ပင်များကို ဦးစွာ စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများက စိန်ပန်း၊ မဲဇလီ၊ ခရေ၊ ငုရွှေဝါ၊ ကြီးမြန်သစ်ပင် ပြည်လုံးချမ်းသာ စသည့်အရိပ်ရနှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သော်မှော်ကုန်းကျေးရွာ၌ မွေးမြူရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းလီမိတက်နှင့် ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေ RBF ဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ပန်းခရေအဖွဲ့၏ ဝက်မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်း အနားများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၌လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန၌လည်းကောင်း၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ခရိုင်အဆင့်/မြို့နယ်အဆင့် ရုံးများ ၌လည်းကောင်း ဆက်လက်ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်လုံးချမ်းသာပင် ၅၀၀၊ ကျွန်းပင် ၁၄၀၊ ပျဉ်းကတိုး ပင် ၁၅၀၊ စိန်ပန်းပင် ၂၀၊ ခရေ ၃၃ ပင်၊ ငုရွှေဝါပင် ၄၀၊ မဲဇလီပင် ၂၀၊ ကံ့ကော် ၁၀ ပင်နှင့် အခြား အရိပ်ရ ၁၂ ပင် စသည့် အရိပ်ရနှစ်ရှည်ပင် အမျိုး အစား ၁၀ မျိုး စုစုပေါင်း ၉၂၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ရှိ လျှိုပိတ်ဆည်နှင့် မွေးမြူရေးကန် များ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းသား ပေါက်ကောင်ရေ ၁၀၀၀၀၊ ထိုင်းငါးခုံးမသားပေါက် ကောင်ရေ ၁၀၀၀၀ နှင့် ရွှေရောင် ငါးကြင်းသားပေါက် ကောင်ရေ ၃၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၃၀၀ ကို စိုက်ထည့်မွေးမြူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး အစိုးရ စက်မှုလက်မှုသိပ္ပံ (တောင်ငူ) ကျောင်းစုဝေးခန်းမ၌ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ(တောင်ငူ)တို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက လူငယ်စကားဝိုင်းကျင်းပခဲ့ သည်။



ဦးစွာ တောင်ငူခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်း အောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစိုး ရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ကျော့ကျော့ရီက အမှာစကား ပြောကြားကာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကား ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြား သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း မှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ် နှင့် မူးယစ်ဆေး"၊ "လူငယ်နှင့် အားကစား"၊ "လူငယ်နှင့် ကျန်းမာ ရေး"၊ "လူငယ်နှင့်ယဉ်ကျေးမှု" နှင့် "လူငယ်နှင့်စာပေ" ခေါင်းစဉ် များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်း သား ကျောင်းသူများက သိရှိလို သည်များ မေးမြန်းကြရာ ပါဝင် ဆွေးနွေးသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ငူမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ငူ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ခရိုင်သစ်တောဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) (GTI) ကျောင်းတို့ ပူးပေါင်း၍ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက အစိုးရ စက်မှုလက်မှုသိပ္ပံ(တောင်ငူ)(GTI)ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင် နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင် နှင့်အဖွဲ့ဝင်များနှင့် ခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်း သူ တို့က ပျိုးပင်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) (GTI) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ကျော့ကျော့ရီနှင့် တာဝန်ရှိသူ များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၆၀၀ ခန့်တို့က ကျွန်း၊ ခရေ၊ စိန်ပန်းပြာ၊ ကံ့ကော်၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ စိန်ပန်းနီ၊ ရေတမာ၊ အာဆီယံသပြေ၊ ကုက္ကို၊ တည်၊ စက္ကူပန်း၊ မည်စည်၊ စွယ်တော်၊ ပုန်းညက်၊ ဗာဒံ စသည်ဖြင့် စုစုပေါင်းပျိုးပင် ၇၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြို့နယ်စည်ပင် သာယာရေးကော်မတီ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း



အသုံးစရိတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမှတ်(၇)ရပ်ကွက် တိုက်သစ်လမ်း ကွန်ကရစ်ခင်းခြင်း(အပိုင်း-၂) လုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းသည် အရှည် ၁၇၉၄ ပေ၊ အကျယ် ၂၂ ပေ၊ ဒု ၈ လက်မဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် အင်ဂျင်နီယာများက လမ်းအရည်အသွေး ကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ရွှေခရုကာကွယ်နှိမ်နင်းခြင်းဆိုင်ရာကွင်းသရုပ်ပြပွဲ ကျင်းပ

**ကော့သောင်း ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာ၌ ရွှေခရုဘက်စုံကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီး သီးနှံကာကွယ် ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးသန္တာစိုးက စပါးသီးနှံတွင် ရွှေခရုဖျက်ဆီးပုံ၊ ရွှေခရုဘဝ စက်ဝန်း၊ ရွှေခရုကာကွယ်နှိမ်နင်းနည်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးသီးနှံကာကွယ် ရေးတာဝန်ခံနှင့်အဖွဲ့များက ခရုဥများ၊ ခရုကောင် များကောက်ယူခြင်း၊ ခရုကျရောက်နေသော စိုက်ခင်းများအတွင်း မှိုးစာများချခြင်း၊ ဝါးတိုင်များစိုက်ထူခြင်းတို့ကို သရုပ်ပြခဲ့ပြီး တက်ရောက်လာကြသောတောင်သူများက လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအစီရင်ခံစာဆိုင်ရာ တံခါးဖွင့်အစည်းအဝေးတို့အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာကို ၂၇-၆-၂၀၂၃ ရက်တွင် စာရွက်စာတမ်းအမှတ်၊ A/77/895-S/2023/363 ဖြင့် ထုတ်ပြန်ခဲ့ကြောင်းနှင့် ယင်းအစီရင်ခံစာဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေးကို ၅-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့ကြောင်း တွေ့ရှိရသည်။ အစည်းအဝေးတွင် အထူးကိုယ်စားလှယ်နှင့် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ တာဝန်မဲ့ရည်ညွှန်းပြောကြားမှုများရှိခဲ့သည်ကို တွေ့ရှိရသည်။

လိုရာဆွဲရေးသားထားသော ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံကို အထူးပြုထည့်သွင်းဖော်ပြချက်များပါဝင်ပြီး တစ်ဖက်သတ်တစ်ဆင့်စကားများနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအပေါ် အခြေခံထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။ အစီရင်ခံစာရေးသားသူသည် ဖြစ်စဉ်ဖြစ်ရပ်များကို စိစစ်နိုင်မည့် နေ့ရက်၊ အချိန်နှင့် နေရာကဲ့သို့ အချက်အလက်များမပါဝင်ဘဲ ကျူးလွန်ကြောင်းစွပ်စွဲမှုအရေအတွက်များကိုသာ ထည့်သွင်းထားသည့်အတွက် မြန်မာတပ်မတော်ကို အစီရင်ခံစာ၏နောက်ဆက်တွဲတွင် စာရင်းသွင်းဖော်ပြခြင်းမှာ နိုင်ငံရေးသွတ်သွင်းမှုတစ်ရပ်သာဖြစ်ကြောင်း ရှင်းလင်းစွာ ပြသလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဘက်မှ တိုင်ကြားမှုများကို လက်ခံပြီး တုံ့ပြန်မှုများပြုလုပ်ရန် မည်သည့်အခါမျှ တွန့်ဆုတ်ခြင်းမရှိခဲ့ပါ။ ယခုအစီရင်ခံသည့်ကာလအတွင်း ကလေးသူငယ်များ သေဆုံးမှုနှင့် ဖမ်းဆီးခံရခြင်းများနှင့်ပတ်သက်၍ အချက်အလက်တောင်းခံမှု ၅ ကြိမ်သာရရှိခဲ့သည်။ အစီရင်ခံစာတွင် သေဆုံးကြောင်းနှင့် ဖမ်းဆီးခံရကြောင်း စွပ်စွဲချက်အရေအတွက်များကို ကုလသမဂ္ဂဘက်မှ မြန်မာအစိုးရဘက်သို့ စိစစ်ထားသည့်အရေအတွက်ထက် ၁၂ ဆမှ အဆ ၃၀ အထိ ဖောင်းပွဖော်ပြထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။ ကုလသမဂ္ဂ၏ လွတ်လပ်သော ကျွမ်းကျင်သူများသည် စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ဖြစ်နိုင်သမျှအတိုင်းအတာအထိ စိစစ်အတည်ပြုရန်လိုအပ်သော်လည်း အစီရင်ခံစာတွင် ပါဝင်သောကျန်အချက်အလက်များကို သက်ဆိုင်သည့် နိုင်ငံနှင့် စိစစ်ထားခြင်းလုံးဝမရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းထားပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဒုတိယအကြိမ် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(၂၀၂၂-၂၀၂၃) ကို အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်ကြားမှုများကို မှတ်တမ်းပြုစုလုပ်ဆောင်နိုင်ရန်အတွက် အရေးပေါ်ဖုန်းအမှတ်(Help line number 1566)ဖြင့် တိုင်ကြားမှုယန္တရားကို တည်ထောင်ထားပြီးဖြစ်သည်။

တစ်ဖက်တွင် အစီရင်ခံစာသည် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် PDF တို့ကြောင့် ကလေးသူငယ် ၉၇ ဦး အသက်ဆုံးရှုံးခဲ့ပြီး ၂၇၅ ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခဲ့သည့် ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများကို ဖုံးကွယ်ရန်ကြိုးပမ်းခဲ့သည်။ ထို့အပြင် အကြမ်းဖက် PDF အဖွဲ့များက နိုင်ငံတစ်ဝန်း ဆေးရုံနှင့်ဆေးခန်း ၉ ခု၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦ ၁၄၀ ကို တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် အစီရင်ခံစာ၌ ၎င်းတို့၏ လူမဆန်သောကျူးလွန်မှုများကို အမှုန်အမွှားမျှသာဖော်ပြခဲ့ပြီး အကြမ်းဖက်အဖွဲ့များ၏ ရက်စက်သောကျူးလွန်မှုများကို "အမည်မဖော်နိုင်သော ကျူးလွန်သူများ" အဖြစ် မရေရာသောအသုံးအနှုန်းများဖြင့် ဖုံးကွယ်ရန်ကြိုးစားခဲ့သည်။

အရွယ်မရောက်သေးသူများအား စုဆောင်းခြင်းမှ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဆောင်ရွက်မှုဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေးကော်မတီကို ၂၀၁၁ ခုနှစ်မှစ၍ ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂစောင့်ကြည့်လေ့လာ အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(UNCTFMR)နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့ရာတွင် CTFMR ၏ အရင်းအမြစ်များ မည်သို့ရရှိကြောင်း ပွင့်လင်းမြင်သာမှု မရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ အမှီအခိုကင်းမှုနှင့် ဘက်မလိုက်မှုတို့အပေါ် စိုးရိမ်မှုရှိသည်။ ၂၀၁၃ ခုနှစ်မှစ၍ CTFMR မှ ပေးပို့ခဲ့သည့် အသက်မပြည့်သူဟု သံသယရှိသူ ၂၃၆၄ ဦးရှိပြီး အချက်အလက်ပြည့်စုံမှုမရှိခြင်းကြောင့် ၁၁၉၇ ဦးကို သံသယစာရင်းမှပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ အရွယ်မရောက်သေးသူ ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်စေခဲ့ပြီးဖြစ်ကာ တာဝန်ရှိသည့် တပ်မတော်သား ၄၇၅ ဦးကို အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်ခဲ့သည်။ အသက်မပြည့်သေးသူများအား စုဆောင်းမှုဖြစ်ပေါ်ရသည့် ဖြစ်စဉ်အများစုမှာ တစ်ဦးတစ်ယောက်၏အသက်နှင့်ပတ်သက်၍ စိစစ်ရန် အရပ်ဘက်စာရွက်စာတမ်းများ ပြည့်စုံမှုမရှိခဲ့ခြင်းကြောင့်ဖြစ်ပြီး ဖြစ်စဉ်အများစုမှာ ၂၀၀၀ ပြည့်နှစ်များမှ ကိစ္စရပ်များဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ယခုအစီရင်ခံသည့်ကာလအတွင်း CTFMR သည် အသက်မပြည့်သူဟု သံသယရှိသူ ၇ ဦးနှင့်ပတ်သက်၍သာ အကြောင်းကြားခဲ့သော်လည်း နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် မြန်မာနိုင်ငံကို ဆက်လက်ထည့်သွင်းထားနိုင်ရန်အတွက် ယခုအစီရင်ခံစာတွင် ၁၁၂ ဦးဟူ၍ ဖြစ်ရပ်ပေါင်းများနှင့် ရောထွေးဖော်ပြခဲ့သည်။

မြန်မာတပ်မတော်ကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထပ်မံထည့်သွင်းခဲ့ခြင်းနှင့် အပြုသဘောမဆောင်သည့်အဆင့်များဆောင်ရွက်ရန် အရိပ်အမြွက်ဖော်ပြလာခြင်းသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များအကျိုးအတွက် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထောက်အကူပြုမည်မဟုတ်ပါ။ အစီရင်ခံစာတွင်ပါဝင်သည့် လိုရာဆွဲဖော်ပြထားသည့် ကိန်းဂဏန်းများနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချပြီး ကုလသမဂ္ဂအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်စွာလေ့လာသုံးသပ်ပြီး အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရန် တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် ပွိုင့်ကမ်းခြေပတ်လမ်း တိုးချဲ့ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၉**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုနှင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ကမ်းနားလမ်းပြုပြင်နေမှု၊ ပွိုင့်ကမ်းခြေပတ်လမ်း တိုးချဲ့ဖောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘက်စုံသုံးဆိပ်ကမ်း၌ ဖော်ကျွန်းသင်္ဘောနှင့် MV ROYAl VENUS သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စစ်တွေမြို့ ရှုခင်းသာလမ်းကမ်းခြေ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက အုန်းပင်နှင့် ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ဆက်လက်စိုက်ပျိုးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ မုန်တိုင်းဒဏ်ခံနိုင်ရန်အတွက် အရိပ်ရပင်များ၊ လေကာပင်များ၊ ဒီရေတောသစ်ပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျစိုက်ပျိုး ထိန်းသိမ်းသွားကြရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှုခင်းသာလမ်း(ကမ်းနားလမ်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ပွိုင့်ကမ်းခြေမှ စစ်တွေဟိုတယ်ကမ်းခြေအထိ ကမ်းခြေပတ်လမ်းကို ကမ်းခြေဘက်ခြမ်းသို့ လမ်းတိုးချဲ့နိုင်ရန် စက်ယန္တရားကြီးများ အသုံးပြုကာ တိုးချဲ့ဖောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ပါရှိသော လုပ်ငန်းခွင်ပြင်ပ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးသတင်း တတိယစာပိုဒ်တွင် လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရသေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် **၄၆၁၁၂၄၇၅၀** အစား **၄၆၁၁၂၄၇** ဒသမ **၅၀** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူရမည့် ကလေးသူငယ်များ

ကြည်ထွန်း (လူမှု)



ကလေးတစ်ဦး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးကာလမှာ သူ့ဘဝ၏အစောဆုံးနှစ် (မွေးကင်းစမှငါးနှစ်) များပင်ဖြစ်သည်။ ကလေးဘဝအရွယ်ကတည်းက ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်လှသည်။ **"ဖွံ့ဖြိုးမှု"** ဆိုသည်မှာ ကလေးငယ်တစ်ဦး၏ ပတ်ဝန်းကျင်ရှိ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု စသည်တို့နှင့် အတုံ့အပြန်ဆက်ဆံခြင်း၊ စဉ်းစားတွေးတောခြင်း၊ စိတ်လှုပ်ရှားခံစားခြင်း၊ ရွေ့လျားလှုပ်ရှားခြင်း စသည့်တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုခက်ခဲရှုပ်ထွေးသော လုပ်ငန်းအဆင့်များကို ဆောင်ရွက်နိုင်ရန် စူးစမ်းမှု၊ သင်ယူမှုပြုလုပ်၍ အကျိုးဆက်ပြောင်းလဲမှုဖြစ်စဉ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

**ဖွံ့ဖြိုးမှုမိုင်တိုင်များ**

ကလေးငယ်များသည် သာမန်အားဖြင့် သူ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာကြမည်သာဖြစ်သည်။ ဤသည်ကို **ဖွံ့ဖြိုးမှုမိုင်တိုင်များ (Mile Stones)** ဟု ခေါ်ဆိုကြသည်။ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို ၎င်းတို့၏အသက်အရွယ်အလိုက် သိမြင်နားလည်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုနယ်ပယ်ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုအခြေအနေကိုကြည့်၍ တိုင်းတာစစ်ဆေးအကဲဖြတ်နိုင်သည်။

ကလေးငယ်များသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုမိုင်တိုင်များ၊ သင်ယူမှုဆိုင်ရာဖွံ့ဖြိုးရေးမိုင်တိုင်များ၊ စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးရေးမိုင်တိုင်များကို ကျော်ဖြတ်ကြရာ၌ တစ်ဦးနှင့်တစ်ဦး ဖွံ့ဖြိုးတိုးတက်မှုနှုန်းချင်း မတူညီကြပေ။ အချို့ကလေးများသည် အထက်ပါဖွံ့ဖြိုးတိုးတက်မှုအပိုင်းများကို စောစီးစွာရရှိကြသော်လည်း အချို့ကလေးများမှာမူ နောက်ကျမှ ရရှိတတ်ကြသည်။ သို့ရာတွင် ကလေးတစ်ဦးသည် ၎င်းနှင့် သက်တူရွယ်တူကလေးများ အလွယ်တကူ လုပ်ကိုင်နိုင်သောအရာများကို မလုပ်ကိုင်နိုင်လျှင်သော်လည်းကောင်း၊ သက်တူရွယ်တူကလေးများနှင့် ကွဲပြားခြားနားသောအပြုအမူများ ပြုလုပ်လျှင်သော်လည်းကောင်း အဆိုပါကလေးသည် ယေဘုယျအားဖြင့် **"ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းကြောင့်"** သို့မဟုတ် **"မသန်စွမ်းမှုတစ်ခုခုကြောင့်"** ဖြစ်နိုင်သည်ဟု မှန်းဆနိုင်သည်။ "စောစောသိလေ ပိုကောင်းလေ" ဆိုသည့်အတိုင်း ကလေး၏ ဖြစ်စဉ်အခြေအနေမှန်ကို ဆောလျင်စွာ သတိပြုသိရှိခြင်းဖြင့် ကလေး၏ဖွံ့ဖြိုးမှုဆိုင်ရာနှောင့်နှေးမှု သို့မဟုတ် မသန်စွမ်းမှု ပိုမိုဆိုးရွားလာမည့်အခြေအနေများမှ ကြိုတင်ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကလေးမိဘ/အုပ်ထိန်းသူများအနေဖြင့် မိမိကလေး၏ အသက်အရွယ်အလိုက် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်မှု မှန်ကန်ခြင်း ရှိ၊ မရှိကို မျက်ခြည်မပြတ် သိရှိနေရန်လိုအပ်ပါသည်။ **"နို့စို့အရွယ်"**၊ **"ဝမ်းလျားထိုးအရွယ်"**၊ **"မတ်တတ်ပြေးအရွယ်"**၊ **"မူကြိုအရွယ်"** တည်းဟူသော ဖွံ့ဖြိုးမှုမိုင်တိုင်များကို ဖြတ်သန်းကြရာတွင် အောက်ဖော်ပြပါ ပြဿနာများကို ကြုံတွေ့ရပါက အချိန်စောင့်မနေဘဲ သက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ကလေးအထူးကုဆရာဝန်များ၊ ရှေးဦးအရွယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးကျွမ်းကျင်သူများ (Early Intervention Specialists–EIS) နှင့် ပြသဆွေးနွေးတိုင်ပင်၍ အဖြေရှာသင့်ပါသည်။

**မွေးကင်းစမှ သုံးလအရွယ်**

ဤအရွယ်တွင် အမြင်အာရုံနှင့် အသံတို့ကို တုံ့ပြန်မှုမပြုခြင်း၊ ရက်သတ္တပတ်အနည်းငယ်ကြီးလာသည့်တိုင် မှောက်လျက်အနေအထားမှ ဦးခေါင်းကို မမြှောက်နိုင်ခြင်း၊ ဖျတ်လတ်သွက်လက်မှုမရှိခြင်း၊ အားအင်ကုန်ခန်းနေသလို တွေ့ရခြင်း၊ နို့စို့ရန်ငြင်းဆန်ခြင်း၊ အန်ခြင်း (နို့စို့ပြီးနောက် နို့အနည်းငယ် အန်ထွက်သည်ကို မဆိုလိုပါ)၊ ဆီးမသွားခြင်း၊ ပုံမှန်မဟုတ်သောငိုခြင်း (စူးရှသော်လည်း အားနည်းသောငိုသံ သို့မဟုတ် ဆက်တိုက်ငိုကြွေးခြင်း၊ ခိုင်လုံသော အကြောင်းရှာမရဘဲ ငိုကြွေးခြင်း)၊ အသားအရေ ပြာနှမ်းဖျော့တော့သွားခြင်း၊ အမြှုပ်များပါသည့် ဝမ်းအရည်များ များစွာသွားခြင်း၊ ဖျားခြင်း၊ အသက်ရှူပုံ ပုံစံမမှန်ခြင်း စသည့်ထူးခြားသောလက္ခဏာများ။

**သုံးလမှ ခြောက်လအရွယ်**

ဤအရွယ်တွင် အသံကြားရာသို့ လိုက်မကြည့်ခြင်း၊ တောက်ပသောအလင်းရောင်ကို လိုက်မကြည့်ခြင်း၊ အရာဝတ္ထုရွေ့လျားရာသို့ လိုက်မကြည့်ခြင်း၊ နှာခေါင်းဖြင့် အသက်မရှူခြင်း၊ မပြုံးတတ်ခြင်း၊ မှောက်လျက်အနေအထားမှ ခေါင်းမထောင်နိုင်ခြင်း၊ ကလေးအားကိုင်ပေးထားစဉ် ဦးခေါင်းကိုမထိန်းနိုင်ခြင်း၊ ငါးလအရွယ်တွင် ကိုယ်ကို မလှိမ့်နိုင်ခြင်း၊ လက်နှစ်ဖက်စလုံးဖြင့် မကိုင်တွယ်တတ်ခြင်း၊ ခြောက်လအရွယ်တွင် ဆုပ်ကိုင်ခြင်း၊ ကြောက်လန့်ခြင်း တုံ့ပြန်မှုများပျောက်မသွားခြင်း စသည့် ချို့ယွင်းအားနည်းမှုများ။

**ခြောက်လမှ ဆယ်လအရွယ်**

ဤအရွယ်ကလေးငယ်များသည် သူတို့ဘာသာသူတို့ ထိုင်တတ်၊ မတ်တတ်ရပ်တတ်ရမည့် အရွယ်ဖြစ်သည်။ သို့ရာတွင် ကိုးလသားအရွယ်အထိ ဝူးဝူးဝါးဝါးအသံမထွက်တတ်သေးခြင်း၊ အရာဝတ္ထုများကို မဆုပ်ကိုင်နိုင်ခြင်း၊ ရောက်အောင်မသွားနိုင်ခြင်း၊ ဆယ်လသားအရွယ်တွင် ကိုယ့်မိသားစုဝင်များနှင့် သူစိမ်းများကြား ကွဲပြားမှုကိုမမှတ်မိခြင်း၊ အကိုင်အတွယ်ရှိလျက်နှင့် မရပ်နိုင်သေးခြင်း စသော ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလွန်းခြင်း။

**ဆယ်လမှ နှစ်နှစ်အရွယ်**

ဤအရွယ်သည် လမ်းစလျှောက်ခြင်း၊ စကားစပြောခြင်း၊ ဇွတ်တရွတ်လုပ်တတ်ခြင်းတို့ဖြင့် သူတို့၏ ကိုယ်ပိုင်စွမ်းရည်ကို ရှာဖွေဖော်ထုတ်စပြုသည့် အရွယ်ဖြစ်သည်။ တချို့ကလေးများက ၁၀ လ၊ သို့မဟုတ် ၁၅ လအရွယ်တွင် ပထမဦးဆုံးစကားလုံးကို စတင်ပြောဆိုသည်။ တချို့ကလေးများက ၁၁ လ သို့မဟုတ် ၁၆ လအရွယ်တွင် ပထမဦးဆုံး ခြေလှမ်းကို စလျှောက်သည်။ တချို့ကလေးများကမူ ၁၀ လမှ ၁၄ လအတွင်းကတည်းက စကားစပြောခြင်း၊ လမ်းစလျှောက်ခြင်းတို့ကို လုပ်နိုင်ကြသည်။ သို့ရာတွင် ၁၂ လအရွယ်ရောက်သည့်တိုင် လေးဖက်တွား သို့မဟုတ် ဖင်ဒယ်ခွဲ့တိုက်မသွားတတ်သေးခြင်း၊ ရုပ်ပုံများကို မကြည့်တတ်၊ မညွှန်ပြတတ်သေးခြင်း၊ ဖွက်ထားသောပစ္စည်းများကို မရှာဖွေတတ်သေးခြင်း၊ ၁၅ လအရွယ်ရောက်သည့်တိုင် စကားလုံးအနည်းငယ်မျှ မပြောတတ်သေးခြင်း စသော ဖွံ့ဖြိုးမှုနှေးကွေးလွန်းခြင်း။

**နှစ်နှစ်မှ သုံးနှစ်အရွယ်**

ဤအရွယ်သည် ကလေးတစ်ယောက်အဖို့ ပြောင်းလဲမှုများစွာဖြစ်ပေါ်သော အရွယ်ဖြစ်သည်။ နှစ်နှစ်သားအရွယ်တွင် အပြုအမူတစ်ခုတည်းကို ကြိမ်ဖန်များစွာ ထပ်တလဲလဲ အချိန်အကြာကြီးပြုမူနေတတ်ခြင်း (ဥပမာ– သူ့ခေါင်းနှင့် နံရံကို အကြာကြီးဆောင့်နေခြင်း)၊ ရင်းနှီးထိတွေ့နေသော အရာဝတ္ထုပစ္စည်းများ၏အမည်များကို မသိခြင်း သို့မဟုတ် စကားလုံးနှစ်လုံးမျှသာပါဝင်သော ဝါကျများကိုပင် မပြောတတ်ခြင်း၊ ကစားစရာကား၊ မြင်း စသည်တို့ကို သတိမမူတတ်ခြင်း၊ သုံးနှစ်အရွယ်ရောက်သည့်တိုင် စကားပြောနှင့်တူသော အသံပုံစံများ၊ အနိမ့်အမြင့်များကို အတုခိုးပြောနိုင်မှုမရှိခြင်း၊ ဇွန်းကိုအသုံးပြု၍ အစာမစားတတ်ခြင်း၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကို ကောက်ယူရန်အလို့ငှာ ဆောင့်ကြောင့်ထိုင်မချတတ်ခြင်း စသည့်အထူးအလေးထားသင့်သော ဖွံ့ဖြိုးမှုနောက်ကျခြင်း။

**သုံးနှစ်မှ ငါးနှစ် (မူကြိုအရွယ်)**

ဤအရွယ်တွင် လွတ်လပ်ပေါ့ပါးစွာ မြူးထူးပျော်ပါးဆော့ကစားတတ်သင့်ပြီ။ ဂီတသံစဉ်နှင့်အတူ လှုပ်ရှားကခုန်တတ်သင့်ပြီ။ ချွဲတတ်နွဲ့တတ်၍ ပလီပလာ တီတီတာတာ ပြောတတ်ဆိုတတ်သင့်ပြီ။ အမေးအမြန်းထူ၍ အရိုးရှင်းဆုံးနှင့် အဆန်းကြယ်ဆုံး စိတ်ကူးစိတ်သန်းများကို ပြောတတ်သူဖြစ်သင့်ပြီ။ ယောကျ်ားလေး၊ မိန်းကလေးခွဲခြားသိရှိခြင်း၊ မိတ်ဆွေဖွဲ့တတ်လာခြင်း၊ ကစားရင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အလှည့်ကျစောင့်ခြင်း၊ မျှဝေခံစားခြင်းတို့ကို လုပ်တတ်သင့်ပြီဖြစ်သည်။

ဤကဲ့သို့မဟုတ်ဘဲ အခြားသောသက်တူရွယ်တူကလေးများနှင့်မတူ တစ်မူထူးခြားသောပြုမူ၊ ပြောဆိုကျင့်ကြံ၊ ဆက်ဆံမှုများရှိနေပြီဆိုလျှင် ရှေးဦးစွာ မည်သည့်အပိုင်းက ဖွံ့ဖြိုးမှုနောက်ကျနေသည် သို့မဟုတ် မည်သို့သော မသန်စွမ်းမှုအမျိုးအစားဖြစ်သည်ကို ကျွမ်းကျင်သော EIS ပညာရှင်များ၏အကူအညီဖြင့် ဖော်ထုတ်ပြီး အထူးဂရုစိုက်ပြုစုစောင့်ရှောက်ပေးရန် လိုအပ်မည်ဖြစ်သည်။

**ကမ္ဘာနှင့်အဝှမ်း ဉာဏ်ရည်မသန်စွမ်းသူများ တိုးပွားနေ**

မြန်မာနိုင်ငံ၌ မွေးဖွားလာသော ကလေးသူငယ်ပေါင်း ၁၀၀၀ တွင် ၅၉ ဦးမှာ မွေးဖွားစဉ်ကပင် ချို့ယွင်းမှုဖြင့် မွေးဖွားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသည်။ ယင်းတို့အနက် ရှစ်သိန်းသုံးသောင်းကျော်သည် ဉာဏ်ရည်မသန်စွမ်းသူများဖြစ်ကြပြီး ၎င်းတို့အနက် ကိုးသောင်းကျော်မှာ ကျောင်းနေအရွယ်မသန်စွမ်းသူများဖြစ်ကြသည်။ ကမ္ဘာနှင့်အဝှမ်း ဉာဏ်ရည်မသန်စွမ်းသူဦးရေ တိုးပွားများပြားလျက်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်းသည် အော်တစ်ဇင် (Autism) များဖြစ်ကြသည်။ အာဆီယံနိုင်ငံများရှိ လူဦးရေ ၆၅၂ သန်းခန့်အနက် အော်တစ်ဇင် ခြောက်သန်းခန့်ရှိသည်။ ကလေး ၆၈ ဦးမွေးဖွားတိုင်း အော်တစ်ဇင်ကလေးတစ်ဦးပါရှိလာသည်။ မြန်မာနိုင်ငံတွင်လည်း ကလေး ၄၅ ဦး မွေးဖွားလျှင် အော်တစ်ဇင်ကလေးငယ်တစ်ဦးပါရှိသည်ဟု သိရသည်။ နှစ်စဉ် ဧပြီလ ၂ ရက်နေ့ကို ကမ္ဘာ့အော်တစ်ဇင်နေ့ဟု သတ်မှတ်ရလောက်သည်အထိ ဖြစ်ပွားမှုနှုန်းတိုးနေခြင်းမှာ ရင်လေးဖွယ်ကောင်းလှပေသည်။

စာမျက်နှာ ၇ သို့ ☆

**"ဒါ့အပြင် ဘက်စုံဖွံ့ဖြိုးမှုနောက်ကျနေတဲ့ကလေးတွေ၊ သီးခြားကဏ္ဍတွေမှာ သင်ယူနိုင်စွမ်းခက်ခဲတဲ့ကလေးတွေ၊ ပြောဆိုဆက်ဆံမှုနဲ့ စကားပြောနောက်ကျနေတဲ့ကလေးတွေ၊ CP လို့အများကသိကြတဲ့ သူငယ်နာအကြောတင်းကလေးတွေကိုလည်း ဆရာ ဆရာမအင်အား ပြည့်ပြည့်စုံစုံထားပြီး ခေတ်မီနည်းစနစ်တွေနဲ့ ဝန်ဆောင်မှုပေးနေပါတယ်ဟု ရှင်းပြသည်။ ၎င်းကျောင်း၏ သဘောသဘာဝနှင့် သိမ်မွေ့ခက်ခဲနက်နဲမှုများ၊ ကလေးများအပေါ် ကရိကထခံ၍ စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဝန်ဆောင်မှုပေးရသည်များကို သိမြင်နားလည်ခွင့်ရရှိခဲ့"**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB Pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဘေးသင့်မြို့နယ်များသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ

**စစ်တွေ ဇူလိုင် ၉**

ရခိုင် ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီးနောက် မုန်တိုင်းဒဏ်သင့်မြို့နယ်များသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများကို မေ ၂၃ ရက်မှ ဇူလိုင် ၈ ရက်အထိ တန်ချိန် ၃၈၁၇ ဒသမ ၂၁တန်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြစ်သော ကုလားတန် (၁၊၂၊၃၊၄၊၅၊၆) ရေယာဉ်များဖြင့် မုန်တိုင်းသင့် ဒေသများဖြစ်သော ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပလက်ဝ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံမြို့များသို့ စားရေရိက္ခာများ၊ ထောက်ပံ့ရေး ကုန်ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါ ကုလားတန်သင်္ဘောများသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ရာတွင် ခေါက်ရေ ၁၇ ခေါက်၊ စုစုပေါင်းတန်ချိန် ၃၈၁၇ ဒသမ ၂၁ တန်ကို ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန ရခိုင်ဌာနခွဲမှ သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

**နေပြည်တော် ဇူလိုင် ၉**

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMSစာတိုဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်ကော်မြို့ရှိ မဟာရဋ္ဌပါလပြည်ငြိမ်းအေးနဂါးရုံမြတ်စွာဘုရား၊ ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာမြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိဿမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၉

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မဟာရဋ္ဌပါလ ပြည်ငြိမ်းအေးနဂါးရုံမြတ်စွာဘုရား၊ ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာမြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိဿမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တပ်နယ်ရှိ ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ လွိုင်ကော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိ တောင်ပေါ်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ လွိုင်ကော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိ တောင်ပေါ်ကျောင်း ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက မဟာရဋ္ဌပါလ ပြည်ငြိမ်းအေး နဂါးရုံမြတ်စွာဘုရားနှင့် ဗောဓိညောင်ပင်နှင့် ရှစ်မျက်နှာ မြတ်စွာဘုရားနှင့် ဓမ္မာရုံအတွင်း၌ ကိုးကွယ်ထားသော ဥဒိဿမြတ်စွာဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက လွိုင်ကော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာသီရိတောင်ပေါ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သွင်းအားစုရယူမည့်တောင်သူများ တွေ့ဆုံဆွေးနွေး



ညောင်တုန်း ဇူလိုင် ၉

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သွင်းအားစုရယူမည့် တောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက သွင်းအားစုအဖွဲ့၊ ဝယ်ယူကြိတ်ခွဲအဖွဲ့နှင့် တောင်သူအစုအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက မိုးစပါးတစ်ဧက ၁၀ တင်း အထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သွင်းအားစုလုပ်ငန်းများနှင့် ပတ်သက်၍ တောင်သူများ သိရှိစေရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေသည့် အသင်းသားတောင်သူများအား ကြည့်ရှုစစ်ဆေး

ညောင်ဦး ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးနေသည့် နတ်ကြိုအိုင့်ကျေးရွာ သမဝါယမအသင်းသား တောင်သူများ၏ စိုက်ပျိုးနေမှုအား ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးရာသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က မိုးစပါးစိုက်ပျိုးနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညောင်ဦးမြို့နယ်အတွင်း မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ကျေးရွာ ခုနစ်ရွာ၊ သမဝါယမအသင်း ခုနစ်သင်း၊ အသင်းသား၁၀၁ ဦးပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၂၄၂ ဧက အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့်ညီမျှသည့် သွင်းအားစုမြေဩဇာများကို မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် အသင်းသားတောင်သူများ စိတ်ကြိုက်ဝယ်ယူ၍ ပေးအပ်ထားရှိပြီးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မအူပင်မြို့၌ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချ

မအူပင် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက အမှတ်(၃)ရပ်ကွက် မင်းရောတံတားအနီးတွင် အခွန်လွတ်ဈေးကို ဇူလိုင် ၇ ရက် နံနက် ၇ နာရီမှစတင်၍ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများက အခွန်လွတ်ဈေးရှိ သားငါးဈေးတန်း၊ ကုန်ခြောက်ဈေးတန်းနှင့် ကုန်စိမ်းတန်းတို့တွင် ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



# အသိပေးနှိုးဆော်ချက်

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



# အလုံမြို့နယ်၌ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသ

ရန်ကုန် ဇူလိုင် ၉

အလုံမြို့နယ် သစ်တောရပ်ကွက် စည်ပင်ဝင်းမိသားစုများနေထိုင်ရာသို့ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီမှစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုနှင့် မြို့နယ်တိုင်းရင်းဆေးကုသဌာနဆေးခန်းမှူး၊ လက်ထောက်ဆေးခန်းမှူးနှင့် ဆေးဝန်ထမ်းများက ပြည်သူ ၇၀ ကျော်ကို ဆေးပြုတ်ရည်တိုက်ခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးပြီး ဆေးဝါးများပေးခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တိုင်းရင်းနည်းဖြင့် ကျန်းမာအောင်နေထိုင်နည်းများကို လက်ကမ်းစာစောင်များဝေခြင်း၊ ဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မောင်မောင်(လှိုင်သာယာ)

## ရေချိုတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# နှစ် (၅၀) ပြည့် ရွှေရတုသက်တမ်းနှင့် သုတပဒေသာစာစောင်

နေသူရိန်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ စာပေဗိမာန်သည် သုတပဒေသာစာစောင် (သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်)ကိုလစဉ်ထုတ်ဝေလျက်ရှိပါသည်။ အဆိုပါစာစောင်သည် ဆယ်ကျော်သက်လူငယ်များအား အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရေး၊ အတွေးအခေါ်များ ရင့်သန်စေရေး၊ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားတတ်စေရေးနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ ဒီမိုကရေစီဆိုင်ရာ စသည့်တိုးတက်ထွန်းကားလာမှုများကို ခေတ်နှင့်အညီ သိရှိနိုင်စေရေးအတွက် ရည်ရွယ်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ စာစောင်တွင် လူငယ်ရေးရာကဏ္ဍကို အထူးကဏ္ဍတစ်ရပ်အနေဖြင့် အသားပေးဖော်ပြလျက်ရှိပါသည်။

**သုတပဒေသာစာစောင် (သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်) ဖြစ်ပေါ်လာပုံ**

စာပေဗိမာန်သည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော နိုင်ငံတကာစာနယ်ဇင်းများတွင် ဖော်ပြပါရှိသည့် ဆောင်းပါးများထဲမှ ကောင်းနိုးရာရာများကို ကောက်နုတ်စုစည်း၍ အင်္ဂလိပ်ဘာသာဖြင့်ပင် The Open Mind (OM) အမည်ရှိစာစောင်ကို ယခင်က ထုတ်ဝေခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ထိုစာစောင်ကို "ရောင်စဉ်" စာစောင် (Spectrum) ဟု အမည်ပြောင်း၍ ထုတ်ဝေခဲ့သည်။ ရောင်စဉ်စာစောင်တွင် ပါရှိသော အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများကို အင်္ဂလိပ်စာ မကျွမ်းကျင်သူများပါ ဖတ်ရှုနိုင်အောင် မြန်မာဘာသာသို့ ပြန်ဆို၍ ထုတ်ဝေသင့်ကြောင်း တာဝန်ရှိသူများက အကြံပြုလာကြသဖြင့် လူအများ မြန်မာစာဖြင့် ဖတ်ရှုနိုင်ရန်အတွက် သုတပဒေသာစာစောင် ပေါ်ထွက်လာခြင်းဖြစ်သည်။ ရောင်စဉ်စာစောင်မှ ဆောင်းပါးအများစုနှင့် အခြားအင်္ဂလိပ်ဘာသာစာနယ်ဇင်းများမှ ကောင်းနိုးရာရာများကို စုပေါင်းရွေးချယ်ကာ မြန်မာဘာသာဖြင့် ဆီလျော်အောင် ဘာသာပြန်ဆို၍ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။












သုတပဒေသာစာစောင်၊ အတွဲ (၁)၊ အမှတ် (၁) ကို ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် စတင်ထုတ်ဝေခဲ့သည်။ စတင်ပုံနှိပ်စဉ်က စောင်ရေ ၅၀၀၀ ဖြစ်ပြီး တန်ဖိုး သုံးကျပ်ဖြင့် ဖြန့်ချိရောင်းချခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် အတွဲ (၁)၊ အမှတ် (၂) ကိုထုတ်ဝေခဲ့သလို ဧပြီ၊ ဇူလိုင်၊ အောက်တိုဘာလများတွင်လည်း ထုတ်ဝေခဲ့ရာ လေးလလျှင်တစ်ကြိမ် ထုတ်ဝေနိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ သုံးလလျှင်တစ်ကြိမ် ထုတ်ဝေခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် နှစ်လလျှင်တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဇွန်လမှစ၍ ယနေ့အထိ တစ်လလျှင်တစ်ကြိမ် ထုတ်ဝေလျက်ရှိပါသည်။

သုတပဒေသာစာစောင်သည် နှစ်ပေါင်း (၅၀) ကြာမြင့်ခဲ့ပြီဖြစ်သလို တာဝန်ထမ်းဆောင်ခဲ့သည့် ဌာနအကြီးအကဲများ၊ ပညာရှင်ကြီးများ၊ စာတည်းမှူးချုပ်များသည်လည်း ပြောင်းလဲခဲ့ပြီဖြစ်ရာ သုတပဒေသာစာစောင်တွင်လည်း ပြောင်းလဲမှုများရှိခဲ့သည်။ သုတပဒေသာစာစောင်သည် လစဉ်ထုတ်မဂ္ဂဇင်းစာစောင် ဖြစ်သည့်အတွက် မဂ္ဂဇင်းစာစောင်တစ်ရပ်တွင် ပါဝင်သင့်သောကဏ္ဍသစ်အချို့ကို ပြောင်းလဲဖွင့်လှစ်ပြုစုခဲ့ကြသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ပြည်သူများ သိသင့်သိထိုက်၊ ခံယူထိုက်သောအကြောင်းအရာများ ပါဝင်အောင် ထည့်သွင်းဖော်ပြခဲ့သည်။ စာပေဗိမာန်၏ မူလဘူတရည်မှန်းချက်ဖြစ်သော ဘာသာပြန်စာပေ ထွန်းကားရေးကို ဦးတည်ခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်က ဖော်ဆောင်နေသည့် မူဝါဒများ၊ အကောင်အထည်ဖော်နေသည့် လုပ်ငန်းများကို ယနေ့လူငယ်များ သိသင့်သိထိုက်သောကြောင့် (အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်း) လူငယ်များကို ဦးတည်ပရိသတ် (Target Audience) အဖြစ်ထားပြီး ထုတ်ဝေရန် အကြီးအကဲများက လမ်းညွှန်ခဲ့သည်။ ထိုလမ်းညွှန်ချက်အတိုင်း ဌာနစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက စာရေးဆရာများထံမှ စာမူတောင်းခံပြီး မူလက ထုတ်ဝေခဲ့သော ဘာသာပြန်စာမူများအပြင် စာပေပညာရှင်များ၏ ကိုယ်တိုင်ရေး မြန်မာစာမူများကိုပါ ထည့်သွင်းဖော်ပြထုတ်ဝေခဲ့သည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆယ်ကျော်သက်လူငယ်လူရွယ်များ အသိပညာကျယ်ပြန့်စေရေး၊ အတွေးအခေါ်များ ရင့်သန်စေရေး၊ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုး ထားတတ်စေရေးတို့အတွက် လူငယ်ကဏ္ဍကို ပို၍အလေးထားဖော်ပြနိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသည့် သုတပဒေသာစာစောင်ကို **သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်** ဟု အမည်ပြောင်းလဲခဲ့သည်။ စာစောင်ကို အမည်ပြောင်းလဲလိုက်သလို အတွင်းပိုင်းအပြင်အဆင်များကိုလည်း ပြောင်းလဲပြီး ဆယ်ကျော်သက်လူငယ်များကို အဓိကဦးတည်သည့် ကဏ္ဍမျိုးစုံ ထည့်သွင်းကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ အတွဲ (၄၈)၊ အမှတ် (၁၂) ကို စတင်ထုတ်ဝေခဲ့ရာမှ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

**ဈေးနှုန်းနှင့် စောင်ရေပြောင်းလဲလာပုံ အဆင့်ဆင့်**

သုတပဒေသာစာစောင် တစ်အုပ်ကို ၁၉၇၃ ခုနှစ်တွင် စောင်ရေ ၅၀၀၀ ထုတ်ဝေခဲ့ပြီး ရောင်းဈေးနှုန်းမှာ သုံးကျပ်ဖြစ်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း စောင်ရေ ၁၀၀၀၀၊ ၁၅၀၀၀၊ ၁၈၀၀၀၊ ၂၀၀၀၀ မှ ၄၁၀၀၀ အထိ တိုးမြှင့်ထုတ်ဝေခဲ့ပြီး စာအုပ်တန်ဖိုးမှာ လေးကျပ်၊ ခြောက်ကျပ်၊ ၁၀ ကျပ်၊ ၁၈ ကျပ်၊ ၂၅ ကျပ် စသည်ဖြင့် အဆင့်ဆင့် တိုးမြှင့်ရောင်းချခဲ့သည်။ ထိုစဉ်က စာနယ်ဇင်းလောကတွင် အခြားသော စာအုပ်စာစောင်များ ထုတ်ဝေမှုအရေအတွက် နည်းပါးသေးသဖြင့် သုတပဒေသာစာစောင်သည် ရောင်းအားကောင်းခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း စာအုပ်တန်ဖိုးမှာ ၁၂၅ ကျပ်၊ ၁၄၀ ကျပ်၊ ၂၅၀ ကျပ်၊ ၄၀၀ ကျပ်၊ ၂၀၁၂ ခုနှစ်တွင် ၈၀၀ ကျပ်၊ ၁၂၀၀ ကျပ်၊ ၁၆၀၀ ကျပ်စသည်ဖြင့် အဆင့်ဆင့် တိုးမြှင့်ရောင်းချခဲ့သည်။ သို့ရာတွင် ပြင်ပပုဂ္ဂလိကဂျာနယ်၊ မဂ္ဂဇင်းများအရေအတွက် များပြားလာသဖြင့် သုတပဒေသာစာစောင် ရောင်းအားကျဆင်းလာ၍ စောင်ရေလျှော့ချထုတ်ဝေခဲ့ရသည်။ ၂၀၁၃ ခုနှစ် ဇွန်လထုတ်မှစ၍ စောင်ရေ ၇၅၀ သာ ရိုက်နှိပ်ဖြန့်ချိခဲ့ပြီး စာအုပ်ဈေးနှုန်းမှာ တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြစ်သည်။ ၂၀၁၄ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲပြီး လူငယ်ရေးရာကဏ္ဍကို အထူးပြုထည့်သွင်းဖော်ပြခဲ့ရာ ကျန်းမာရေး၊ ပညာရေး စသည့်ဌာနကြီးများက အားပေးဝယ်ယူလာသည့်အတွက် ၂၀၂၂ ခုနှစ်မှစ၍ စောင်ရေ ၁၅၀၀ အထိ တိုးမြှင့်ထုတ်ဝေနိုင်ခဲ့ပါသည်။

**အထူးထုတ်စာအုပ် ထုတ်ဝေခြင်း**

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပုံမှန်ထုတ်ဝေနေကျ သုတပဒေသာစာစောင်အပြင် စာပေဗိမာန်၏ နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် သုတပဒေသာစာစောင်တွင် ယခင်ဖော်ပြခဲ့သည့် ဆောင်းပါးများထဲမှ အကောင်းဆုံးဆောင်းပါးအပုဒ် ၃၀ ကို ရွေးချယ်ကာ "သုတပဒေသာစာစောင် ဆောင်းပါးပေါင်းချုပ် အထူးထုတ်" စာအုပ်ကို ထပ်မံထုတ်ဝေခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင်၊ အတွဲ (၄၉)၊ အမှတ် (၈) စာအုပ်ကို စာပေဗိမာန်၏ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် ပုံမှန်ထုတ်ဝေနေကျ စာမျက်နှာအရေအတွက်ထက် စာမျက်နှာတိုးမြှင့်ပြီး အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ် စာစောင်ကိုလည်း ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့၏ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဆိုင်ရာ ဆောင်းပါးများနှင့် ဓာတ်ပုံများကို ဝေဝေဆာဆာထည့်သွင်းကာ အထူးထုတ်သဖွယ်ထုတ်ဝေခဲ့သည်။

**စာမျက်နှာ ၁၁ သို့** ✧



**"ဆယ်ကျော်သက် လူငယ်များအတွက် စိတ်ခွန်အားဖြစ်စေရန်၊ ဆုံးဖြတ်ချက်များ မှန်ကန်စွာ ချမှတ်လုပ်ဆောင်နိုင်စေရန်၊ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရတိုင်း နောက်မတွန့်ဘဲ ရဲရင့်စွာ ကြိုးစားလုပ်ဆောင်တတ်စေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အချိန်ကို တန်ဖိုးထားတတ်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းတတ်စေရန် စသည်ဖြင့် အသိပညာများတိုးပွားအောင် ရည်ရွယ်ထုတ်ဝေလျက်ရှိ"**

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



မန္တလေး ဇူလိုင် ၉

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၇၅ ကီလိုတန်းနှင့် အထက် ကာယဗလပြိုင်ပွဲ၊ အမျိုးသမီး Model Physique ပြိုင်ပွဲ တို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌတို့က အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ ၇၅ ကီလိုတန်း ကာယဗလပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲ၊ ၇၀ ကီလိုတန်း ကာယဗလ ပြိုင်ပွဲ၊ ၆၅ ကီလိုတန်း ကာယဗလ ပြိုင်ပွဲ၊ ၆၀ ကီလိုတန်း ကာယဗလ ပြိုင်ပွဲ၊ အသက် ၂၀ နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား Sports Physique ပြိုင်ပွဲ၊ အမျိုးသား Athletic Physique ပြိုင်ပွဲ၊ အမျိုးသား Fitness Physique ပြိုင်ပွဲတို့မှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် ပြိုင်ပွဲအမျိုးအစား ၁၂ မျိုး၌ ၇၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဆုရရှိသူများမှာ ရန်ကုန်မြို့၌ ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရှူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

မိုင်းရှူး ဇူလိုင် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို



ယနေ့ နံနက်ပိုင်းက မိုင်းစံကျေးရွာအုပ်စု ဝမ်ပိန်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ဝမ်ပိန်းကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်း ကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဝမ်ပိန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးအား အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ ၂၂

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၃၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၁၀,၂၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၇၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထား ရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

✧ စာမျက်နှာ ၁၀ မှ

**စာအုပ်မျက်နှာဖုံး အသွင်အပြင် ပြောင်းလဲခြင်း**

၁၉၇၃ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သော သုတပဒေသာစာစောင်၏ မျက်နှာဖုံး သရုပ်ဖော်ပုံများသည် စာစောင်ပါ ဆောင်းပါးများထဲမှ ထူးခြားကောင်းမွန်သော၊ မြန်မာလူမျိုးတို့ အထိအတွေ့ နည်းပါးသည်ဟုယူဆသော သိကောင်းစရာအကြောင်းအရာ သရုပ်ဖော်ပုံများကို အသုံးပြုခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုအရ စာပေဗိမာန်ထုတ်၊ သုတပဒေသာ စာစောင်သည် အခြားစာအုပ်များနှင့် မတူကွဲပြားပြီး ခံ့ခံ့ထည်ထည် သပ်သပ်ရပ်ရပ်ဖြစ်စေရန် မျက်နှာဖုံးဒီဇိုင်းကို ဆရာပန်းချီမြင့်မောင်ကျော်ထံ အပ်နှံခဲ့သည်။ ၂၀၁၄ ခုနှစ် မေလမှစ၍ သုတပဒေသာစာစောင်၏ မျက်နှာဖုံးကို ဆရာပန်းချီမြင့်မောင်ကျော်၏ ဆီမီးပဒေသာ မျက်နှာဖုံးဒီဇိုင်းဖြင့် ထုတ်ဝေခဲ့သည်။ ဆီမီးတောက် ထွန်းလင်းဖြာနေသည့်ပုံကို နောက်ခံအရောင် လစဉ်ပြောင်းလဲ ထုတ်ဝေခဲ့သည်။

ထိုမျက်နှာဖုံးသည် အဓိပ္ပာယ် လေးနက်သော်လည်း ဆွဲဆောင်မှု အားနည်းသည်ဟု ယူဆကာ (First Cover၊ Second Content) သဘောတရားအရ ဆွဲဆောင်မှုရှိစေရန် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ အဖုံးဒီဇိုင်းကို စာစောင်တွင်ဖော်ပြသည့် မျက်နှာဖုံး ဆောင်းပါး သရုပ်ဖော်ပုံများဖြင့် ပြောင်းလဲထုတ်ဝေခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲခဲ့ရာ စာအုပ်မျက်နှာဖုံး စာလုံး ဒီဇိုင်းကို ဆရာဦးရွှေငွေထံ အပ်နှံကာ အသုံးပြုခဲ့ပါသည်။

သဘာဝ ဘေးအန္တရာယ်နှင့် Covid-19 ရောဂါများကြောင့် ပြင်ပ မဂ္ဂဇင်းများ လခြားထုတ်ဝေနေချိန်၊ ရပ်တန့်သွားချိန်တို့တွင်လည်း သုတပဒေသာစာစောင်သည် လစဉ်ပုံမှန် ထွက်ရှိခဲ့ပါသည်။ တစ်လနှင့်တစ်လ အကြောင်းအရာမထပ်အောင် ရွေးချယ်ပြီး စာဖတ်ပရိသတ် စိတ်ဝင်စားသည့် စာမူများကို ရွေးချယ်ဖော်ပြလျက်ရှိသည်။ မြန်မာစာဖတ်ပရိသတ်အတွက် စာဖတ်သူလိုအင်ကို အများဆုံး ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်နေသည့် စာစောင်လည်းဖြစ်ပါသည်။

ဆယ်ကျော်သက် လူငယ်များအတွက် စိတ်ခွန်အားဖြစ်စေရန်၊ ဆုံးဖြတ်ချက်များ မှန်ကန်စွာ ချမှတ်လုပ်ဆောင်နိုင်စေရန်၊ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရတိုင်း နောက်မတွန့်ဘဲ ရဲရင့်စွာကြိုးစားလုပ်ဆောင်တတ်စေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အချိန်ကို တန်ဖိုးထားတတ်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းတတ်စေရန် စသည်ဖြင့် အသိပညာများ တိုးပွားအောင် ရည်ရွယ်ထုတ်ဝေလျက်ရှိသည့် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် နှစ် (၅၀) ရွှေရတုကာလ ပြည့်မြောက်လာပြီဖြစ်ပါသည်။ ရွှေရတုကာလမှသည် ရတုအဆက်ဆက် တိုင်အောင် ဆက်လက်တည်တံ့ခိုင်မြဲနိုင်ရန်အတွက် စာပေဗိမာန်က ကြိုးစားအားထုတ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။

**ကိုးကား**

**(၁) စာပေဗိမာန် နှစ် (၇၀) ပြည့် အထိမ်းအမှတ်စာစောင်**

**(၂) စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း**

# ၁၃၈၅ (၂၀၂၃) ခုနှစ် အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၃ ခုနှစ်၊ အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၈ ဌာနတို့၌ ၁-၆-၂၀၂၃ (ကြာသပတေး) နေ့မှ ၅-၆-၂၀၂၃ (တနင်္လာ)နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၈၀၆၅)ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ(၁၃၀၀၁)ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ(၄၆၅၄)ပါး ဖြစ်ရာ (၃၅ ဒသမ ၇၉ )ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(၈၆၇)ပါး၊ လေးကျမ်းအောင်(၃၆၁)ပါး၊ သုံးကျမ်းအောင်(၄၆၂)ပါး၊ နှစ်ကျမ်းအောင်(၅၅၄)ပါး၊ တစ်ကျမ်းအောင်(၅၉၇)ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင်(၈၆၇)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ဒဂရ/၉ အရှင်ဝိညာဏဇောတ၊ အသက်(၃၁)နှစ်၊ အဘ ဦးကြင်ငွေ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် သဆ/၅၂ အရှင်ကုသလ၊ အသက်(၄၁)နှစ်၊ အဘ ဦးလှဝေ၊ ဇီးဖြူကုန်းရွာ၊ ဒက္ခိဏသီရိမြို့၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၁၈၈ အရှင်ဝေသာရဇ္ဇ၊ အသက်(၂၀)နှစ်၊ အဘ ဦးမင်းဆောင်၊ ကွမ်းတောရွာ၊ မြိုင်မြို့၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် **ပထမ** စက/၁၆၉၀ မဇဝနဉာဏီ၊ အသက်(၂၅)နှစ်၊ အဘ ဦးစိုးတင်ဝင်း၊ နောင်မရွာ၊ နမ့်ခမ်းမြို့၊ သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၄၈၅)ပါး၊ နှစ်ကျမ်းအောင်(၇၃)ပါး၊ တစ်ကျမ်းအောင်(၆၃)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၄၈၅)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် သိမ်/၂ အရှင်ပညာဇောတ၊ အသက်(၂၉)နှစ်၊ အဘ ဦးဖိုးဆန်း၊ ဝက်ပုတ်ကျေးရွာ၊ ဘုတလင်မြို့၊ အောင်မြေဘုံသာကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် ပ/၁၅ အရှင်အဂ္ဂဝံသ၊ အသက်(၂၇)နှစ်၊ အဘ ဦးအောင်၊ နှောပင်ရွာ၊ ရေစကြိုမြို့၊ သီတဂူဗုဒ္ဓကောလိပ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် သဆ/၂၁ အရှင်စန္ဒာဝရ၊ အသက်(၃၄)နှစ်၊ အဘ ဦးသိန်းဝင်း၊ ကသာရွာ၊ တောင်တွင်းကြီးမြို့၊ ကဝိန္ဒာရာမကျောင်း၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး။ **(တတိယ)**

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၅၁)ပါး၊ နှစ်ကျမ်းအောင်(၂၉)ပါး၊ တစ်ကျမ်းအောင်(၄၇)ပါးတို့ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၄၁)ပါး၊ နှစ်ကျမ်းအောင်(၁၈)ပါး၊ တစ်ကျမ်းအောင်(၁၂)ပါးတို့ဖြစ်ပါသည်။

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၂၅၃)ပါး၊ နှစ်ကျမ်းအောင်(၁၈၉)ပါး၊ တစ်ကျမ်းအောင်(၁၆၅)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၂၅၃)ပါး အနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ/၄ အရှင်ကေလာသ၊ အသက်(၂၃)နှစ်၊ အဘ ဦးပေါ၊ မင်းရွာ၊ မလှိုင်မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် ပူရ/၁ အရှင်အဂ္ဂါစာရ၊ အသက်(၂၆)နှစ်၊ အဘ ဦးမော်သိန်း၊ ပေါက်တောကျွန်းရွာ၊ ရေစကြိုမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၉၆ ရှင်တေဇောဘာသာလင်္ကာရ အသက်(၂၀)နှစ်၊ အဘ ဦးခွန်ဝင်းအောင်၊ တောင်လေးရွာ၊ ပင်လောင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၅)ပါး၊ လေးကျမ်းအောင်(၁)ပါး၊ သုံးကျမ်းအောင်(၁)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ ဖြစ်ပါသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(၃)ပါး၊ လေးကျမ်းအောင်(-)ပါး၊ သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင် (၄)ပါး၊ တစ်ကျမ်းအောင်(၂)ပါးတို့ ဖြစ်ပါသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၂၁၈)ပါး၊ တစ်ကျမ်းအောင်(၉၄)ပါးတို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင် (၂၁၈)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ပူရ/၉ အရှင်ဉာဏဓဇ၊ အသက်(၂၈)နှစ်၊ အဘ ဦးခင်အေး၊ ကျားတိုင်းရွာ၊ မြင်းခြံမြို့၊ မြရတနာရာမပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ်၊ ဒဂရ/၂၂ အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၂၉)နှစ်၊ အဘ ဦးမြင့်ဝေ၊ အမှတ်(၆) ရပ်ကွက်၊ မြင်းခြံမြို့၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် ပခ/၁၆ အရှင်သီဟဉာဏ၊ အသက်(၃၄)နှစ်၊ အဘ ဦးပိုက်၊ သနပ္ပင်မြို့၊ ဥဿာတောရကျောင်း၊ ဥဿာမြို့သစ်၊ ပဲခူးတိုင်းဒေသကြီး။ **(တတိယ)**

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၁)ပါး၊ သုံးကျမ်းအောင်(၁)ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင်(၂)ပါးတို့ ဖြစ်ပါသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၁၅)ပါး၊ နှစ်ကျမ်းအောင်(၁၁)ပါး၊ တစ်ကျမ်းအောင်(၁၀)ပါးတို့ ဖြစ်ပါသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်(၅)ပါး၊ တစ်ကျမ်းအောင်(၅)ပါးတို့ ဖြစ်ပါသည်။

၁၄။ အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) မဇ္ဈိမနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(၁)ပါးတို့ ဖြစ်ပါသည်။

၁၅။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သံယုတ္တနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (-) ပါး၊ နှစ်ကျမ်းအောင်(၁)ပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ ဖြစ်ပါသည်။

၁၆။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်(၃)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ ဖြစ်ပါသည်။

၁၇။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၁)ပါး၊ တစ်ကျမ်းအောင်(၂)ပါးတို့ဖြစ်ပါသည်။

၁၈။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ မရှိပါ။

၁၉။ ၁၃၈၅ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို ဝိဒူတန်း အုပ်စု(၉) အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇)အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူ ပေါင်း (၄၆၅၄)ပါး ဖြစ်ပါသည်။

၂၀။ ၁၃၈၅ ခုနှစ်(၂၀၂၃ ခုနှစ်)၊ အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲအောင်စာရင်း အပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ယူနန်တက္ကသိုလ်ရှိ မြန်မာဘာသာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာစာအုပ်များ လိုအပ်နေ

**နေပြည်တော် ဇူလိုင် ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တော်ရှိ ယူနန်တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာစာအုပ်စင်၌ မြန်မာစာအုပ်များ လိုအပ်ချက်ရှိနေကြောင်း သိရသည်။

ထို့အတွက် မြန်မာစာအုပ်များကို လှူဒါန်းကြစေချင်ကြောင်း ယူနန်တက္ကသိုလ်တွင် ပညာသင်ကြားနေသည့် မြန်မာကျောင်းသားများနှင့် မြန်မာဘာသာသင်ကြားနေသည့် တရုတ်ကျောင်းသားကျောင်းသူများက ပြောကြားသည်။

"ဒီမှာကတော့ မြန်မာနိုင်ငံကို အများဆုံးသိသွားစေမယ့် စာအုပ်မျိုးတွေတော်တော်များများကိုတော့ လှူစေချင်တယ်။ မြန်မာစာဘာသာကို လေ့လာနေတဲ့ တရုတ်ကျောင်းသားတွေလည်းများနေတယ်ဆိုတော့ မြန်မာနိုင်ငံကို လူအများသိသွားစေချင်တဲ့ စာအုပ်မျိုးတွေကို လှူစေချင်တယ်"ဟု ယူနန်တက္ကသိုလ်တွင် ဓာတုဗေဒဘာသာရပ် အထူးပြုသင်တန်း တက်ရောက်နေသည့် မန္တလေးသူ မချောစုက ပြောသည်။ ယူနန်တက္ကသိုလ်တွင် မြန်မာစာသင်ကြားနေသော တရုတ်လူမျိုး တတိယနှစ်ကျောင်းသား Qiu Yue က "ကျွန်တော်တို့ မြန်မာစာသင်တဲ့အချိန်မှာ သတင်းအချက်အလက်ရှာရာမှာ အခက်အခဲရှိတယ်။ ဥပမာ အခုချိန်မှာ ကျွန်တော်က စာတမ်းကိုရေးရတယ်။ ဒါပေမဲ့ ဒီစာတမ်းနဲ့ ဆိုင်တဲ့ သတင်းတွေရဖို့ ခက်ခဲတယ်" ဟု ရှင်းပြသည်။



မြန်မာစာကို လေ့လာနေသည့် တရုတ်ကျောင်းသားများမှာ ပါဠိစာလေ့လာရာနှင့် စာတမ်းများ ပြုစုရာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ နည်းပါးနေသေးသည့်အတွက် အချက်အလက်များရှာဖွေရာတွင် အဓိကအခက်အခဲရှိကြောင်း သိရသည်။

ယူနန်တက္ကသိုလ်တွင် "မြန်မာစာအုပ်များ"ဆိုသည့် စာအုပ်စင်တွင် ယူနန်တက္ကသိုလ်မှ ပါမောက္ခများ မြန်မာနိုင်ငံသို့ လာရောက်သည့်အခါတွင် လက်ဆောင်ရရှိခဲ့သည့် စာအုပ်များ အများဆုံးခင်းကျင်း ပြသထားနိုင်ခြင်းကြောင့်သာဖြစ်သည်။ ထို့ကြောင့် မြန်မာစာအုပ်များ နည်းပါးသည့်အတွက် ထပ်မံလှူဒါန်းသူများ လိုအပ်လျက်ရှိကြောင်း ကျောင်းသားကျောင်းသူများက ပြောကြားသည်။

ယူနန်တက္ကသိုလ်တွင် မြန်မာစာလေ့လာသင်ကြားနိုင်ရန် နှစ်နှစ်တစ်ကြိမ် ကျောင်းသား ကျောင်းသူများကို ခေါ်ယူပြီး လေးနှစ်ကြာတက်ရခြင်း ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပထမဦးဆုံးအကြိမ် ဘွဲ့နှင်းသဘင်ကို ကျင်းပနိုင်ခဲ့ကြောင်း ယူနန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး Pang Juncai က ရှင်းပြသည်။

တစ်တန်းလျှင် မြန်မာကျောင်းသား ၂၀ ခန့် တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

kkzy

# အီးယူနှင့် နယူးဇီလန်တို့ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

**ဘရပ်ဆဲလ် ဇူလိုင် ၉**

ဥရောပသမဂ္ဂ(အီးယူ)နှင့် နယူးဇီလန်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်ရန်အတွက် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကိုဇူလိုင် ၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါသဘောတူညီချက်အရ အီးယူကုမ္ပဏီများအတွက် လျှော့ချပေးမည့် ပထမနှစ်မှစ၍ ယူရိုသန်း ၁၄၀(အမေရိကန်ဒေါ်လာ ၁၅၄ သန်း) လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှုကိုလည်း ဆယ်စုနှစ်တစ်ခုအတွင်း ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရေး မျှော်လင့်ထားကြောင်း သိရသည်။

ထို့ပြင် ဥရောပသမဂ္ဂ၏ နှစ်စဉ်ပို့ကုန်တန်ဖိုးကိုလည်း ယူရို ၄ ဒသမ ၅ ဘီလီယံအထိ တိုးမြှင့်သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်းနှင့် နယူးဇီလန်နိုင်ငံ၌ ဥရောပသမဂ္ဂ၏ ရင်းနှီးမြှုပ်နှံမှုကို ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်စီစဉ်ထားကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ သိရသည်။

ယခုလက်မှတ်ရေးထိုးခဲ့သည့် အီးယူ-နယူးဇီလန် သဘောတူညီချက်တွင် ပါရီရာသီဥတုဆိုင်ရာသဘောတူညီချက်နှင့် အလုပ်သမားအခွင့်အရေးအပါအဝင် ရေရှည်ခိုင်မြဲရေးကတိကဝတ်များလည်း ပါဝင်ကြောင်း သိရသည်။

နယူးဇီလန်ဝန်ကြီးချုပ် ခရစ်ဟစ်ကင်က ယခုလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်သည် ခိုင်မာသော စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးလိမ့်မည်ဟု ပြောကြားခဲ့သည်။ နယူးဇီလန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် အီးယူ၏ အဓိကမိတ်ဖက်ဖြစ်ပြီး ယခုလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်သည် မိမိတို့နှစ်နိုင်ငံအတွက် ပိုမိုနီးကပ်သောဆက်ဆံရေးကို ဖြစ်စေကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အမေရိကန်နိုင်ငံက ဓာတုလက်နက်များ သိုလှောင်ထားရှိမှုကို အပြီးတိုင်ဖျက်ဆီးပြီးဟု ကြေညာ

**ဝါရှင်တန် ဇူလိုင် ၉**

အမေရိကန်နိုင်ငံသည် ၎င်း၏ ဓာတုလက်နက်များ သိုလှောင်ထားရှိမှုကို အပြီးတိုင်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် တရားဝင် ကြေညာသည်။

ဓာတုလက်နက်သိုလှောင်မှုကို အပြီးတိုင်ဖျက်ဆီးရန် နှစ် ၃၀ ကျော်ကြာ ကြိုးပမ်းလုပ်ဆောင်ခဲ့ရသည်ဟု ဘိုင်ဒင်က ဆိုသည်။

အမေရိကန်နိုင်ငံ၏ ဓာတုလက်နက် သိုလှောင်ခန်းအတွင်းမှ နောက်ဆုံးကျန်ရှိသည့် ခဲယမ်းများကို ဘေးကင်းစွာ ဖျက်ဆီးနိုင်ပြီး ဓာတုလက်နက်ကင်းစင်သည့် ကမ္ဘာကြီးဆီသို့ ဦးတည်လာနိုင်ပြီဖြစ်ကြောင်း ကြေညာရသည်မှာ လွန်စွာဂုဏ်ယူမိပါကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဆိုသည်။

ယခင်က အမေရိကန်သည် ၎င်း၏ပြည်တွင်းစစ်စခန်းများတွင် ဓာတုလက်နက်တန်ချိန် ၃၀၀၀၀ ကျော် သိမ်းဆည်းထားကြောင်း အေပီသတင်းဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။



သို့သော် ၁၉၉၇ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည့် ဓာတုလက်နက်များဆိုင်ရာ သဘောတူညီချက်နှင့်အညီ အမေရိကန်နိုင်ငံသည် ဓာတုလက်နက်၊ ခဲယမ်းများကို ဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်တွင် ပါဝင်သည့်နိုင်ငံများသည် ၎င်းတို့၏ ဓာတုလက်နက်များကို သဘောတူညီချက်စတင်အသက်ဝင်သည့်အချိန်မှ ၁၀ နှစ်အတွင်း ဖျက်ဆီးပစ်ရမည် ဖြစ်ကြောင်း သိရသည်။

သို့သော်အမေရိကန်သည်နောက်ဆုံး သတ်မှတ်ရက်ကို ကျော်လွန်ခဲ့ပြီး ထပ်ခါတလဲလဲ သက်တမ်းတိုးခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယမြောက်ပိုင်း၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၀ ဦးကျော် သေဆုံး

**နယူးဒေလီ ဇူလိုင် ၉**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်၊ ဟီမာချယ်ပရာဒေ့ရှ်နှင့် ဥတ္တရာခန်းပြည်နယ်တို့၌ မိုးကြိုးပစ်ခြင်း၊ မြေပြိုခြင်းနှင့် နေအိမ်ပြိုကျခြင်းအပါအဝင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၀ ဦးကျော်သေဆုံးခဲ့ကြောင်းနှင့် အများအပြားဒဏ်ရာရရှိခဲ့ကြောင်း တရားဝင်သတင်းအရင်းအမြစ်များက ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် မာအင်ပူရီခရိုင်၌ ဇူလိုင် ၈ ရက်ညနေပိုင်းက မိုးကြိုးပစ်ခြင်းကြောင့် အမျိုးသမီး တစ်ဦးအပါအဝင် လူပေါင်းသုံးဦး သေဆုံးခဲ့ကြောင်း၊ ယင်းသေဆုံးသူများသည် မိုးကြိုးပစ်ချိန်၌ စိုက်ခင်းများတွင် အလုပ်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ဒေသန္တရဆေးရုံတစ်ခုသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တောင်ကုန်းထူထပ်သော ဥတ္တရာခန်းပြည်နယ်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၁ ဦးခန့်တင်ဆောင်လာသော ယာဉ်တစ်စီးလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် သုံးဦးသေဆုံးကာ သုံးဦးပျောက်ဆုံးလျက်ရှိကာ ဒဏ်ရာရရှိသူငါးဦးအား ဆေးရုံသို့တင်ပို့ထားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းတွင် ဇူလိုင် ၉ ရက်နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် နေအိမ်ပြိုကျမှုဖြစ်ပွားခဲ့ကာ မိသားစုဝင်သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ် ကူလ်လူခရိုင်နှင့် ချမ်ဘာခရိုင်တို့တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သောဖြစ်စဉ်များကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ၂၀၅၀ ပြည့်နှစ်ဝန်းကျင်တွင် သင်္ဘောများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လုံးဝကင်းစင်စေရန် ဖန်လုံအိမ်ဓာတ်ငွေ့ဆိုင်ရာ မဟာဗျူဟာတစ်ရပ် ချမှတ်

**ကုလသမဂ္ဂ ဇူလိုင် ၉**

ကုလသမဂ္ဂ သင်္ဘောအေဂျင်စီသည် ၂၀၅၀ ပြည့်နှစ်ဝန်းကျင်တွင် သင်္ဘောများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လုံးဝကင်းစင်စေရန် ဖန်လုံအိမ်ဓာတ်ငွေ့ဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်း၏ အဖွဲ့ဝင် ၁၇၅ နိုင်ငံသည် သင်္ဘောများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေးအတွက် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်း (IMO)၏ မဟာဗျူဟာကို ဇူလိုင် ၇ ရက်က လန်ဒန်မြို့ရှိ အဖွဲ့အစည်းရုံးချုပ်တွင် ကျင်းပသည့် ကော်မတီအစည်းအဝေးတွင် တညီတညွတ်တည်း အတည်ပြုခဲ့သည်။

ကမ္ဘာပေါ်တွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် ကုန်ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို သင်္ဘောဖြင့် ပို့ဆောင်သည်ဟု အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းက ဆိုသည်။ သင်္ဘောမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ကမ္ဘာပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်း၏ သုံးရာခိုင်နှုန်းနီးပါးရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါအစီအစဉ်အရ သင်္ဘောမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၄၀ ပြည့်နှစ်တွင် ၇၀ မှ ၈၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ပါရှိကြောင်း သိရသည်။

၂၀၅၀ ပြည့်နှစ်ဝန်းကျင်တွင် စစ်မှန်သောသတ်မှတ်ချက်များဖြင့် သင်္ဘောမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အသားတင် သုညအထိ လျှော့ချပစ်ရန် ပါရှိကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရန် သင်္ဘောလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အရေးကြီးကြောင်းအပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ကစ်တက်ခ်လင်မ်က ဆိုသည်။

နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် သင်္ဘောနှင့် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီများ လိုအပ်ကြောင်း ၎င်းက အလေးအနက် ပြောကြားသည်။

ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယားတို့ကို လောင်စာအဖြစ်အသုံးပြုကာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ထုတ်လွှတ်မှုမရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်သည့် သင်္ဘောများ ထုတ်လုပ်သွားရန်လိုအပ်ကြောင်း ၎င်းက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ဆိုက်ဘာမှုခင်းဖြစ်ပွားမှု အရေအတွက် မြင့်တက်လာ

**မနီလာ ဇူလိုင် ၉**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ဆိုက်ဘာမှုခင်းဖြစ်ပွားမှု အရေအတွက်သည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမနှစ်ဝက်အတွင်း ၁၅၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့၏ အချက်အလက်များအရ သိရသည်။

ယခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ မနီလာမြို့၌ ဆိုက်ဘာရာဇဝတ်မှုပေါင်း ၆၂၅၀ ကို မှတ်တမ်းတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူ ကာလတွင် ၂၄၇၇ မှုသာ ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

**မြင့်တက်လာ**

အွန်လိုင်းအသုံးပြုသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အကောင့်များကို ဂရုတစိုက် ထိန်းသိမ်းသုံးစွဲခြင်းမရှိခြင်းနှင့် အွန်လိုင်းပေါ်ရှိ လိမ်လည်လှည့်ဖြားသည့် မက်ဆေ့များနှင့် အက်ပလီကေးရှင်းများ ဝင်ရောက်လာမှုတို့ကြောင့် ဆိုက်ဘာမှုခင်းအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

**နှစ်ဆပိုများ**

အလိုအလျောက် ငွေထုတ်စက် (ATM) နှင့် ခရက်ဒစ်ကတ်တို့မှတစ်ဆင့် လိမ်လည်မှုသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ၆၂၅ မှုအထိ မြင့်တက်လာပြီး ယမန်နှစ် အလားတူကာလတွင် တိုင်ကြားခဲ့သည့် အမှုပေါင်း ၂၄၁ မှုထက် နှစ်ဆပိုများကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ တိုင်ကြားစာပေါင်း ၄၆၁၅ ခု လက်ခံရရှိခဲ့ပြီး အများစုမှာ အွန်လိုင်းလိမ်လည်မှု၊ ကိုယ်ပိုင်အကောင့်များသို့ တရားမဝင် ဝင်ရောက်မှုနှင့် အွန်လိုင်းအသရေဖျက်မှုများနှင့် ဆက်စပ်မှုရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

❖

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ရောက်ရှိသည့် ၆၁ ရက်ကျော်လွန်နေသည့် Iron Pipe ကီလိုဂရမ် ၃၂၉၇၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၇၉၁၃၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမှတ်(၂) လမ်းမကြီးတိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Balloon Candy ကီလိုဂရမ် ၂၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Biscuit Stick ကီလိုဂရမ် ၁၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် High Density Polyethylene H.D.P.E ၁၀၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၃၀၁၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ ဇူလိုင် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမေ့ကစင်ကျေးရွာ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Steel Scourer ကီလိုဂရမ် ၃၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၅၀၀၀)၊ Black Hair Wax ကီလိုဂရမ် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)၊ Black Hair Shampoo ကီလိုဂရမ် ၁၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)၊ MUD Formula Professional Hair Treatment Cream ကီလိုဂရမ် ၉၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Prime Mover Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)နှင့် Hua Yun Semi Trailer နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ SCGC Polyvinyl Chloride Resin ကီလိုဂရမ် ၁၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Electrical Goods ဖာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)၊ အဆိုပါစ္စည်းများတင်ဆောင်လာသည့် Prime Mover Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၂၀၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အပြင် ဇူလိုင် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြည်ခရိုင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၇၆ တန်နှင့် အခြားသစ် သုည ဒသမ ၉၄၈ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၅၅၅၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး ၅ ဒသမ ၉ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး(Happy Water) ၅ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်၌ စိုင်းဝန်းကျောက် မောင်းနှင်လာသည့် Toyota Revo ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၄၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေး (Happy Water) ၅ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေး (Happy Water) များကို တာချီလိတ်မြို့ရှိ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းဝန်းကျောက်အားသိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေး (Happy Water)များနှင့်အတူ တွေ့ရစဉ်။

# စဉ့်ကူး၊ မော်လမြိုင်နှင့် ဟိုပန်မြို့နယ်များတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် ညနေ ၅ နာရီတွင် စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာရှိ မခင်ခင်စန်း၏တဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၅၀ ကိုလည်းကောင်း၊ ယင်းနေ့ ည ၇ နာရီတွင် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် မယ်ဇလီလမ်းရှိ ဇာနည်အောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ကွင်းဆက်အရ ည ၇ နာရီ ၄၅ မိနစ်တွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် (၇) လမ်းရှိ မင်းမြင့်နိုင်၏ကားဂိုဒေါင်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဟိုပန်မြို့နယ် မန်ပြိန်းကျေးရွာအုပ်စု ခမ်းတိန်ကျေးရွာအနီး ဟိုပန်-ပန်လုံသွားကားလမ်းတွင် ဆိုင်မိန်း မောင်းနှင်ပြီး မမာထလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၂၇၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၇-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာ့ရိုးရာဝါးလက်မှုပညာ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၅ ဘဝနှင့်အနုပညာ **'မြင်စိုင်းသားဟုခေါ်တွင်စေသား'** (အပိုင်း-၂)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၂၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ရဟန်းမစားရသောဆွမ်းတစ်နပ်'
- ၁၅:၂၅ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအဖွေ
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၂၅)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'** (အပိုင်း-၇)

### mitv

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi) (Full Moon Day of Waso)
- 07:11 Mularsheedi we love!
- 07:21 Traditional Customs of Holy Waso
- 07:35 The Art of Sand Painting
- 07:46 Ashin Thitzana or Martyr of Buddha's Sasana
- 08:01 News
- 08:26 ASEAN Information Exchange Initiative: Bike Tour in Myanmar
- 08:33 Sri Ksetra, Field of Fortune & Glory (Part-2)
- 09:01 The Largest Nunnery In Myanmar
- 09:31 New Destination for Sea Lovers
- 09:36 Sons of the Lake
- 10:01 News
- 10:26 Topical Topics (No. 2) Rebuilt Friendliness with the environment & Regrow Mangrove Plantation
- 10:31 Myanmar Puppeteers (Ogre Dance)
- 10:40 The Banjoist

### MRTV NRC

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
သွားဝါခြင်းအကြောင်းသိကောင်းစရာ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ (မေသူကျော်-အင်တာဗျူး)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ကျိုင်းတုံ - မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
တောင်သုံးလုံး စက်ချုပ်ဆိုင်

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့ဓာစ်နေ့တာလုပ်ငန်း

**ကယား (၁၇:၀၀) မှ (၁၉:၀၀)**
ပုဒ္ဓတစ်ထောင်အကောက်တောင်

**စကောကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဖားစည်မြေမှုရောင်စုံအလှ (အပိုင်း-၂)

**ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ Weekly Selected News
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၁၅ အနာဂတ်ဖွံ့ဖြိုးမြင့်မားစိုက်မွေးပညာ သင်ယူပါလူငယ်ဘဝတစ်သက်တာ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ယုန်ကမတိုးပိုက်ကတိုး'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ 'PR SYSTEM' ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)
- ၁၈:၀၀ Economic Review (ပြည်တွင်းစားသုံးဆီပူလုံရေး ဆောင်ရွက်မှုအခြေအနေ)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ တူယှဉ်လက်တွဲရှေ့သို့လှမ်းချီ တောင်သူအခြေပြုသုတေသနစခန်းဆီ
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၃၀ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(မန္တလေး)
- ၀၈:၁၅ ဝါစိုက်တောင်သူများ၏အကျိုးစီးပွားအတွက် သာစည်မြို့နယ်မှ အထူးဗုန်စံပြစိုက်ကွက်
- ၀၉:၂၀ ပေါရှမ်းနယ်မှာစတော်ဘယ်ရီလှမ်းစေဖို့
- ၀၉:၄၀ နှင်းဆီစိုက်ပျိုးခြင်းနှင့် ဈေးကွက်အခြေအနေ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၈:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၉:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်'**
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသာ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဆင်တဲကျေးရွာနေ ရဲဇော်သည် ၎င်းအသုံးပြုသည့် “Ye Zaw” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၅ | ၂၀၂၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၁၀ | ၂၀၆၀ | ၂၀၆၀ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၀၅၀ | ၂၀၆၅ | ၂၀၉၅ | ၂၁၀၀ | ၂၁၀၀ | ၂၃၃၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၂ | ၁၉၅၃ |
| 95 Ron | ၁၉၉၈ | ၂၀၇၁ |
| HSD (500 ppm) | ၁၉၁၂ | ၁၉၈၈ |
| HSD (50 ppm) | ၁၉၈၆ | ၂၀၅၅ |
| HSD (10 ppm) | ၁၉၈၆ | ၂၀၅၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ခန္တီးမြို့နယ် နန်မုံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်မုံကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က မက်သဒစ်အသင်းတော်ဘုရားကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၈-၆-၂၀၁၂ ရက်မှအဆက်

"အခု ကျွန်တော်တို့ထန်းသမားတွေ သတိပြုဖို့က ခုအချိန်ကစပြီး ကျွန်တော်တို့ဟာ ထန်းပိုင်ရှင်တွေနဲ့ တိုက်ပွဲဖြစ်နေပြီဆိုတာပဲ။ ဘာတိုက်ပွဲလဲ၊ သီးစားတိုက်ပွဲ၊ ထန်းစုတိုက်ပွဲ။ ကောင်းပြီ၊ ဒီထန်းစုတိုက်ပွဲမှာ ကျွန်တော်တို့က ငါးစုတစ်စုကိုပဲ ညီလာခံက သတ်မှတ်ဆုံးဖြတ်ထားတဲ့အတိုင်းရအောင် ဆက်တိုက်ယူမလား၊ ဒါမှမဟုတ် အလျှော့ပေးပြီး နဂိုအတိုင်း သုံးစုတစ်စုပဲ ပြန်ပေးကြမလား ဆိုတာပဲ"

ကိုအေးဆွေက သူ့စကားကိုဖြတ်လိုက်ကာ တဲခန်းမကြီးထဲရှိ လူများအား သွေးတိုးစမ်းလိုက်သည်။

ထိုစဉ် သာထူးက "တကယ်လို့ ထန်းပိုင်ရှင်တွေက လေးစုတစ်စုလုပ်ပါလို့ စေ့စပ်လာရင်ကော" ဟု ဝင်ပြောလိုက်ရာ ကိုမောင်ပုက -

"ဟာ အလျှော့ပေးလို့ ဘယ်ဖြစ်ပါ့မလဲ သာထူးရ၊ ငါးစု တစ်စုဟာ ငါးစုတစ်စုရအောင် တိုက်ယူရမှာပေါ့ကွ" ဟု ဟန့်တားကန့်ကွက်လိုက်၏။

"ဟုတ်သယ်ဟေ့၊ တို့ဘက်က အလျှော့ပေးလို့တော့ ဖြစ်မှာမဟုတ်ဘူး။ အနိုင်ချရမယ်"

ဦးဖိုးခကလည်း ကိုမောင်ပု၏စကား ထောက်ခံလိုက်၏။

"အဲဒီလိုဆိုရင် ကျွန်တော်တို့ဘက်ကလူတွေဟာ ညီညွတ်ကြမှဖြစ်မယ်။ လျှော့တဲ့လျှော့ရဲ့ လုပ်လို့လည်းမဖြစ်ဘူး။ အခု အားလုံးရှေ့မှာတော့ အများသဘောတူ ဆုံးဖြတ်ချက်ချပြီး နောက်ပိုင်းကျ တစ်မျိုးကွေ့သွားရင် မဖြစ်ဘူး။ အားလုံး ဒုက္ခရောက်ကုန်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ခင်ဗျားတို့သိတဲ့အတိုင်း အခြေအနေက အတင်းမာဆုံးအပိုင်းကို ရောက်နေပြီ။ သူတို့ဘက်ကတော့ ဘယ်လိုနည်းနဲ့မှ အလျှော့ပေးမှာ မဟုတ်ဘူး။ အဲ အဲ၊ အလျှော့မပေးရုံတင်မကဘူး၊ နောက်ဆုံး သုံးစုတစ်စုပေးရင် တက်၊ မပေးရင် မတက်နဲ့ဆိုပြီး ရာဇသံတောင် ပေးလာပြီမဟုတ်လား။ တကယ်လို့ ကျွန်တော်တို့ဘက်က ဆက်ပြီး ငါးစုတစ်စုသာ ပေးနေမယ်ဆိုရင် သက်ဆိုင်ရာကနေပြီး အရေးယူမယ်လို့ ခြိမ်းခြောက်လာတယ်ဆိုတာလည်း ခင်ဗျားတို့ အသိ။ အဲဒါ ခင်ဗျားတို့ ဆုံးဖြတ်ကြပေါ့။ အလျှော့ပေးသင့်၊ ဆက်လက်ပြီး တိုက်ပွဲဝင်သင့် မဝင်သင့် ဆိုတာ"

ကိုအေးဆွေက အားလုံးလူများ၏ ဆန္ဒကို တောင်းယူလိုက်သည်။

တဲခန်းမကြီးအတွင်းရှိ လူများသည် လေးနက်သောအတွေးကိုယ်စီဖြင့် မည်သို့အဆုံးအဖြတ်ပေးရန် စဉ်းစားနေကြသည်။ အချို့လူများ၏ မျက်နှာက တင်းမာနေသော်လည်း အချို့လူများ၏ မျက်နှာမှာမူ စိုးရိမ်နေပုံရသည်။

"ဒါနဲ့ နေပါဦး၊ နေ့လယ်က ဆရာကြီးဦးလှဒင်ဆီ သွားတော့ ဆရာကြီးက ဘယ်လိုအကြံပေးလိုက်သလဲ"

ဆယ်ရင်၏ အမေးစကားကြောင့် အားလုံးက စိတ်ဝင်စားလာသည်။

"ဆရာကြီးကတော့ ဆက်ပြီး တိုက်ပွဲဝင်ဖို့ ပြောလိုက်ပါတယ်"

ကိုအေးဆွေ၏ အဖြေစကားကို ကြားလျှင် ဆယ်ရင်သည် အားတက်သရောအမူအရာဖြင့် -

"သလိုဆိုရင် ဆက်ချပေါ့"

"ဟုတ်တယ်၊ ဆက်ပြီးတိုက်ပွဲဝင်ပါ"

"ဟုတ်သယ်ဟေ့၊ ညီလာခံက ဆုံးဖြတ်ထားတဲ့ အတိုင်း ငါးစုတစ်စုသာ ပေးပါ။ လျှော့မပေးပါနဲ့"

အစည်းအဝေးသို့ တက်ရောက်လာကြသော ထန်းသမားများသည် တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်ထောက်ခံကြသည်။ ဤသို့ဖြင့် ကိုအေးဆွေတို့၏ အရေးပေါ်အစည်းအဝေးမှ ဆက်လက်ပြီး ထန်းစုကို ငါးစုတစ်စုသာပေးရန် အားလုံးသဘောတူ ဆုံးဖြတ်ချက် ချလိုက်လေသည်။

ယခုတော့ ကိုအေးဆွေသည် ရှေ့သို့တိုးရပေတော့မည်။ သို့ဆိုလျှင် ခင်သန်းငွေနှင့် မည်သို့ရင်ဆိုင်ရပါမည်နည်း။

[၂၅]

"ကိုရင် ကိုရင်"

ထိတ်လန့်တကြား အော်ခေါ်ရင်း ပြေးဝင်လာနေသော ထွေးရီ၏အသံကြောင့် ကိုအေးဆွေသည် စာရေးနေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်၏။ ထွေးရီသည် အလုပ်ရုံးခန်းထဲသို့ စိုးရိမ်တကြီး ပြေးဝင်လာသည်။ သူ၏အမူအရာမှာ ပျာလောင်ခတ်နေသည်။

"ကိုရင် ကိုရင်၊ ဟို ဟိုမှာလေ၊ အဖေတို့ကို ပုလိပ်တွေ လာဖမ်းနေတယ်"

"ဟင်"

ရုတ်တရက် ကြားလိုက်ရသည့်သတင်းကြောင့် ကိုအေးဆွေမှာ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ ထိုင်ရာမှလည်း ဖြုန်းခနဲ ထရပ်လိုက်မိသည်။

ကိုအေးဆွေ၏အပြုအမူကြောင့် ပြေးလာရသဖြင့် ရင်ညွန့်လေး မောက်တက်လာသည့်တိုင်အောင် အမောတကော အသက်ရှူနေသော ထွေးရီပင်လျှင် ရုတ်တရက်မို့ လန့်ဖျပ်သွားသည်။ မျက်လုံးကလေး ပြူး၍ ပါးစပ်ကလေးပင် ဟသွားကာ အံ့အားသင့်ဟန်ဖြင့် ကိုအေးဆွေကို ကြည့်နေသည်။

"ဟင် ဟင်၊ အခု ရဲတွေဘယ်မှာလဲ"

ကိုအေးဆွေ၏ မျက်နှာက တင်းမာနေသလို အသံကလည်း မာကျောလှသည်။

"ကိုဆယ်ရင်ကြီးတို့ ထန်းတောဘက်မှာ"

"လာ လာ၊ ဒါဖြင့်"

ပြောပြောဆိုဆိုပင် ကိုအေးဆွေသည် အလုပ်ခန်းထဲမှ ဒရောသောပါးဖြင့် ပြေးထွက်သွားတော့သည်။

"သူငယ်ချင်း၊ ငါ့တော့ စိတ်မရှိနဲ့ကွာ၊ တို့က ပြည်သူ့ဝန်ထမ်းပီပီ အထက်ကအမိန့်အတိုင်း တာဝန်ဝတ္တရားအရ လာခဲ့ရတာပဲ"

ရဲအုပ် လှကြည်က ကိုအေးဆွေအား ရောက်မဆိုက် ဆီး၍တောင်းပန်လိုက်၏။

လှကြည်နှင့်အတူ အခြားရဲသားငါးဦးကိုလည်း ရိုင်ဖယ်သေနတ်များ လွယ်လျက် တွေ့ရသည်။ ကိုအေးဆွေ၏အဖေ ဦးဖိုးခနှင့်တကွ ဦးစံကျော်၊ ဆယ်ရင်၊ ကိုမောင်ပုတို့နှင့် အခြားထန်းသမား ငါးဦးအား ဖမ်းထားကြောင်း အခြေအနေကို မြင်ရခြင်းအားဖြင့် ကိုအေးဆွေက သိလိုက်သည်။

ဘုံထန်းတောနယ်မြေရှိ အခြားအဖွဲ့ဝင် ထန်းတက်သမားများ၊ မြို့အိုးကောက်သူ အမျိုးသမီးများ၊ ကလေးများပါမကျန် တစ်ပြုံကြီးစုရုံ ရောက်လာကြသည်။ သူတို့၏ မျက်နှာများတွင် ထိတ်လန့်ကြောက်ရွံ့နေသော အမူအရာများ ပေါ်နေသည်။ ယောကျ်ားများ၏ မျက်နှာတွင်မူ ဒေါသဖြစ်၍ ခံပြင်းနေသော အရိပ်အယောင်များက လွှမ်းမိုးနေကြသည်။

"နေပါဦး သူငယ်ချင်း၊ သူတို့ကို ဘာအမှုနဲ့ ဖမ်းတာလဲ ပြောပါဦး"

"ပိုင်နက်ကျူးလွန်မှုနဲ့လေ"

"ဟေ့ ဟေ၊ ဘယ်လိုပါလိမ့်"

ကိုအေးဆွေသည် အလွန်အံ့ဩသွား၏။

"ဒီလိုတဲ့၊ သူတို့ မသိအောင် သူတို့ပိုင် ထန်းတွေကို အခမဲ့ ကျူးကျော်တက်ပြီး ခိုးယူသုံးစွဲနေပါတယ်လို့ ရာဇဝတ်ကြောင်းတိုင်ချက်အရ အခုလို လာဖမ်းရတာပဲ"

"လုပ်လိုက်ကြဦးပေါ့ကွာ"

ကိုအေးဆွေ၏နှုတ်မှ နာကြည်းစွာ ခံစားနေရသော အသံဖြင့် ထွက်လာသည်။ ဒေါသထွက်လွန်း၍ ကိုအေးဆွေ၏ တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်နေသည်။

ဦးဖိုးခ၊ ဦးစံကျော်၊ ကိုမောင်ပုနှင့် အချို့ထန်းသမားများမှာ လူကြီးများပီပီ ဟန်ဆောင်နေသော်လည်း ဆယ်ရင်မှာမူ လူငယ်ဖြစ်သည့်အတိုင်း အံတကြိတ်ကြိတ်နှင့် ဒေါသထနေသည်။ တစ်ချက်တစ်ချက်တွင် တောက်ခေါက်နေသည်။

လူကြီးများက ဟန်ဆောင်နေသည့်တိုင်အောင် ဦးဖိုးခမှာမူ သူ၏ဒေါသကို မချုပ်တည်းနိုင်ဘဲအလား ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် သူ၏ ပေါင်ကို လှန်၍ပြလိုက်ရင်း -

"ကြည့်စမ်းပေါ့ဗျာ။ ကျုပ် လူမှန်းသိစအရွယ်က စပြီး ခုချိန်ထိ ပေါင်တောင်အကျိုးခံပြီး သင်းတို့ကို လုပ်ကျွေးပွဲဖော်လာတာပါ။ သည်မျက်နှာတောင် ထောက်ဖော်မရဘူး။ ရက်စက်လိုက်လေဗျာ"

"တောက်"

ဦးဖိုးခ၏ ပြင်းထန်ကျယ်လောင်စွာ တောက်ခေါက်လိုက်သံကြောင့် အနားရှိလူများသည် လန့်ဖျပ်သလို သူ့အား တစ်ပြိုင်နက် ဝိုင်းကြည့်လိုက်ကြသည်။

ဦးစံကျော်သည် ဦးဖိုးခ၏ ဒေါသမုန်တိုင်းထန်နေသည်ကိုကြည့်ကာ နှစ်သိမ့်စကားဆို၏။

"ကိုရင်ခရယ်၊ သလောက်လည်း စိုးရိမ်မနေစမ်းပါနဲ့။ တရားဥပဒေအရ အမှန်အကန်အတိုင်း ဖြစ်ရမှာပေါ့။ သူတို့ညစ်ပတ်တိုင်း မရပါဘူး။ ခု ဖမ်းလည်း ခေတ္တခဏပေါ့"

"စိုးရိမ်လို့မဟုတ်ပါဘူး ကိုစံကျော်ရဲ့၊ ထောင်အပြင် တန်းမကျနိုင်ပါဘူး။ သူတို့ရဲ့ သစ္စာမဲ့ပုံ၊ ညစ်ပတ်ပုံတွေဟာ ခုမှမဟုတ်ဘူး၊ တစ်သက်လုံး ခံခဲ့ရလွန်းလို့ပါ။ ခုတော့ လူကိုပါ ဒုက္ခပေးလာတော့ မခံနိုင်လွန်း၊ ဒေါသဖြစ်လွန်းလို့ပါ"

"ကဲ ကဲ အဖေ၊ သူတို့ ခေါ်ရာနောက်ကို ခဏတော့ လိုက်သွားပါဦး။ ကျွန်တော်တို့ ချက်ချင်းလိုပဲ အာမခံမယ့်လူတွေခေါ်ပြီး အမြန်လိုက်ခဲ့ပါ့မယ်"

ကိုအေးဆွေသည် ဖခင်ဦးဖိုးခ၏ ဒေါသကို ထိန်းသိမ်းသည့်သဘောဖြင့် အခြေအနေကို ရှင်းပြသည်။

ထို့နောက်တော့ ရဲအုပ်လှကြည်နှင့် ရဲသားများသည်ဦးဖိုးခတို့လူစုအားခေါ်ဆောင်သွားတော့သည်။ ဖမ်းဆီးခေါ်ဆောင်သွားကြသော ထန်းသမားများ၏ ဇနီး သားသမီးများသည် မျက်ရည်စက်လက်များဖြင့် ရဲသားများခေါ်ဆောင်သွားရာသို့ မျှော်ကြည့်ရင်း ငေးနေကြသည်။

ရှိုက်သံသဲ့သဲ့ထွက်ပေါ်လာသဖြင့် ကိုအေးဆွေသည် အသံကြားရာဘက်သို့ လှည့်ကြည့်၏။ ထွေးရီကို မျက်ရည်များအဝိုင်းသားဖြင့် တွေ့နေရသည်။

"အို၊ ထွေးရီကလည်း ငိုစရာမဟုတ်တာ ဘာလို့ ငိုနေတာလဲ။ ခုပဲ ငါတို့ အာမခံနဲ့ လိုက်ထုတ်မှာ။ ဝမ်းနည်းမနေစမ်းပါနဲ့ဟာ၊ ဘာမှမဖြစ်ပါဘူး"

ကိုအေးဆွေသည် ထွေးရီ၏ ဦးခေါင်းလေးကို ပုတ်ကာ ချော့မော့လိုက်သည်။ ထွေးရီသည် သူ၏မျက်လုံးများမှ စီးကျလာသော မျက်ရည်များကို လက်ချောင်းလေးများဖြင့် သုတ်ပစ်ရင်း ရှိုက်နေသည်။

တကယ်တော့လည်း ကိုအေးဆွေ ကိုယ်တိုင်မှာပင် ပေါက်ကွဲထွက်တော့မည့် ဘွိုင်လာအိုးကြီးပမာ သူ့ရင်တွင်း၌ ပူလောင်လှသည်။ ဟန်လုပ်၍သာ လူတိုင်းအား နှစ်သိမ့်စကားဆိုနေရသည်။ မိမိကိုယ်တိုင်မှာပင် မချိလှပေ။ ပူပန်ခြင်းက ရင်တနင့်နင့် ခံစားနေရသည်။ မိမိ မျှော်မှန်းရည်ရွယ်ထားသော ဘုံထန်းတော စုပေါင်းထန်းလုပ်ငန်းကြီးသည် ထန်းပိုင်ရှင်တို့၏ နှောင့်ယှက်မှုကြောင့် ပြိုကွဲပျက်စီးရတော့မည်လား။

ဆက်လက်ဖော်ပြပါမည်။

"ရှိုက်သံသဲ့သဲ့ထွက်ပေါ်လာသဖြင့် ကိုအေးဆွေသည် အသံကြားရာဘက်သို့ လှည့်ကြည့်၏။ ထွေးရီကို မျက်ရည်များအဝိုင်းသားဖြင့် တွေ့နေရသည်။ "အို၊ ထွေးရီကလည်း ငိုစရာမဟုတ်တာ ဘာလို့ငိုနေတာလဲ။ ခုပဲ ငါတို့ အာမခံနဲ့ လိုက်ထုတ်မှာ။ ဝမ်းနည်းမနေစမ်းပါနဲ့ဟာ၊ ဘာမှမဖြစ်ပါဘူး" ကိုအေးဆွေသည် ထွေးရီ၏ဦးခေါင်းလေးကို ပုတ်ကာ ချော့မော့လိုက်သည်။ ထွေးရီသည် သူ၏မျက်လုံးများမှ စီးကျလာသော မျက်ရည်များကို လက်ချောင်းလေးများဖြင့် သုတ်ပစ်ရင်း ရှိုက်နေသည်။ တကယ်တော့လည်း ကိုအေးဆွေကိုယ်တိုင်မှာပင် ပေါက်ကွဲထွက်တော့မည့် ဘွိုင်လာအိုးကြီးပမာ သူ့ရင်တွင်း၌ ပူလောင်လှသည်။ ဟန်လုပ်၍သာ လူတိုင်းအား နှစ်သိမ့်စကားဆိုနေရသည်။ မိမိကိုယ်တိုင်မှာပင် . . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

# ပီအက်စ်ဂျီအသင်းကို စိတ်ဝမ်းကွဲနေတဲ့အသင်းလို့ ပြောဆိုလိုက်တဲ့ အမ်ဘတ်ပီ



ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ သူ့ရဲ့ အနာဂတ်အပေါ် ပီအက်စ်ဂျီအသင်းက သံသယများ ပြင်းထန်လာတဲ့အတွက် ပီအက်စ်ဂျီအသင်းဟာ စိတ်ဝမ်းကွဲနေတဲ့အသင်းတစ်သင်းဖြစ်တယ်လို့ ပြောဆိုလိုက်ပါတယ်။

၂၀၂၄ ခုနှစ်မှာ ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြင်သစ်ဘောလုံး မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းရဲ့ ထိပ်တန်း ဂိုးသွင်းရှင်တစ်ဦးဖြစ်တဲ့ အမ်ဘတ်ပီဟာ သူ့အနေနဲ့ အသင်းနဲ့စာချုပ်သစ်ချုပ်ဆိုမှာ မဟုတ်ဘူးလို့လည်း ပြောကြားထားသူဖြစ်ပါတယ်။ ဒ့ါပြင် ပီအက်စ်ဂျီအသင်းဟာ စိတ်ဝမ်းကွဲနေတဲ့အသင်းဖြစ်တာကြောင့်လည်း ပီအက်စ်ဂျီအသင်းမှာ ကစားနေရချိန်မှာ အများကြီးမကူညီနိုင်ခဲ့ဘူးလို့လည်း တိုက်စစ်မှူး အမ်ဘတ်ပီက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီအနေနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ မရှိဘူးလို့ ပြောကြားထားပေမယ့် အသင်းဥက္ကဋ္ဌဖြစ်သူ အယ်လ်ခီလေဖီကတော့ လာမယ့်နွေရာသီဈေးကွက်အတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ရင်တောင် အမ်ဘတ်ပီကို အသင်းကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခွင့်ပြုမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

အမ်ဘတ်ပီဟာ ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းဖလား ငါးကြိမ်အထိ ရယူပေးခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ သွင်းဂိုး ၄၁ ဂိုးအထိ သွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ် ပြိုင်ပွဲမှာတော့ အောင်မြင်မှုနဲ့ ဝေးကွာခဲ့ရတာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ၁၆ သင်းအဆင့်မှာ ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့သီတင်းပတ်က နည်းပြခရစ္စတိုဖီဂယ်တီယာရဲ့ နေရာမှာ လူးဝစ်အင်နရီကေးကို နည်းပြချုပ်အဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပြီး အသက် ၃၁ နှစ်အရွယ် ဘရာဇီးတိုက်စစ်မှူး နေမာရဲ့ အနာဂတ်မသေချာမရေရာဖြစ်နေချိန်မှာပဲ အသက် ၃၆ နှစ်အရွယ်ရှိ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီကိုလည်း မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းဆီ ပြောင်းရွှေ့ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာလည်း တိုက်စစ်မှူး အမ်ဘတ်ပီက အသင်းမှာ ဆက်ရှိနေဖို့ မသေချာဖြစ်နေတာကြောင့် ပီအက်စ်ဂျီအသင်းဟာ အဓိကစားသမားတွေထပ်မံဆုံးရှုံးရဖို့ ရှိနေတာဖြစ်ပါတယ်။

## ဖူလ်ဟမ်အသင်းနဲ့ ၂၀၂၈ အထိ ကာလရှည်စာချုပ်သစ်ချုပ်ခဲ့တဲ့ ရော်ဘင်ဆင်

ဖူလ်ဟမ်ဗဟိုခံစစ် ကစားသမား အန်တိုနီးရော်ဘင်ဆင်ဟာ လန်ဒန်ကလပ်မှာ ၂၀၂၈ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ အမေရိကန်ကြယ်ပွင့် ရော်ဘင်ဆင်ဟာ ပြီးခဲ့တဲ့ရာသီက ဖူလ်ဟမ်အသင်းအတွက် ပရီမီယာလိဂ် ၃၅ ပွဲပါဝင်ကစားပေးခဲ့ပြီး ဖူလ်ဟမ်အသင်းဟာလည်း အမှတ်ပေးဇယားအဆင့် ၁၀ နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ရော်ဘင်ဆင်ဟာ ၂၀၂၀ ပြည့်နှစ်က ဝီဂန်အသင်းကနေ ဖူလ်ဟမ်အသင်းဆီ ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။



## ကွင်းလယ်ကစားသမား လီကန်အင်ကို ပီအက်စ်ဂျီအသင်းက ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူ



ပီအက်စ်ဂျီအသင်းဟာ မာယော့ကာအသင်းမှ တောင်ကိုရီးယားကွင်းလယ်ကစားသမား လီကန်အင်ကို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ စပိန်မြေမှာ နှစ်နှစ်ကြာကစားခဲ့တဲ့ အသက် ၂၂ နှစ်အရွယ် ကွင်းလယ်ကစားသမား လီကန်အင်ဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား လီကန်အင်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက မာယော့ကာအသင်းနဲ့အတူ လာလီဂါပွဲစဉ် ၃၆ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးခြောက်ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ကွင်းလယ်ကစားသမား အူဂါတီ၊ ဗဟိုနောက်ခံလူ မီလန်စကရီနီယာနဲ့ တိုက်စစ်မှူး အဆန်စီယိုတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် ကွင်းလယ်ကစားသမား လီကန်အင်ကို ယခုနွေရာသီဈေးကွက်အတွင်း ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့တဲ့ လေးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

လီကန်အင်ဟာ တောင်ကိုရီးယားနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၉ ပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်ပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း တောင်ကိုရီးယားအသင်းအတွက် ပါဝင်ကစားပေးခဲ့သူဖြစ်ပါတယ်။

## အိုးထရက်ဖို့ဒ်၌ ၁၂ နှစ်ကြာကစားခဲ့ပြီးနောက် မန်ယူအသင်းမှ ဒီဂီယာ ထွက်ခွာ

စပိန်ဂိုးသမား ဒီဂီယာဟာ အိုးထရက်ဖို့ဒ်မှာ ၁၂ နှစ်ကြာ ကစားခဲ့ပြီးနောက် မန်ယူအသင်းကနေ ထွက်ခွာလိုက်ပြီဖြစ်တယ်လို့ အတည်ပြုပြောကြားလိုက်ပါပြီ။

အသက် ၃၂ နှစ်အရွယ် ဒီဂီယာဟာ ဇွန်လကုန်ပိုင်းမှာ မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့တာဖြစ်ပြီး ၁၂ နှစ်တာအတွင်း မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၅၄၅ ပွဲပါဝင်ကစားပေးခဲ့ကာ ပွဲစဉ် ၁၉၀ အထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ ကစားသမားဘဝကို အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၈ ဒသမ ၉ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဒီဂီယာဟာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ယူရိုပါလိဂ်ဖလားနဲ့ ကာရာဘောင်ဖလားနှစ်ကြိမ်တို့ကို ရယူပေးခဲ့ပြီး လက်ရှိမှာ ဆော်ဒီပရိုလိဂ်ဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

ဒီဂီယာထွက်ခွာသွားပြီးနောက် မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်က ဒီဂီယာနေရာမှာ အစားထိုးဖို့ အင်တာမီလန်ဂိုးသမား အန်ဒရီအိုနားနားကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အန်သိုနီဂျိုရှူယာနှင့် ဒီလီယန်ဝိုက်တို့၏ မကျေပွဲ ဩဂုတ်လတွင် ပြန်လည်မြင်တွေ့ရမည်

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အန်သိုနီဂျိုရှူယာနဲ့ တစ်နိုင်ငံတည်းသား လက်ဝှေ့အကျော်အမော် တစ်ဦးဖြစ်တဲ့ ဒီလီယန်ဝိုက်တို့ဟာ လွန်ခဲ့တဲ့ရှစ်နှစ်က ထိုးသတ်ခဲ့တဲ့လက်ဝှေ့ပြိုင်ပွဲမှာ ဂျိုရှူယာကို ရှုံးနိမ့်ခဲ့တာကြောင့် ဩဂုတ် ၁၂ ရက်မှာ လန်ဒန်မြို့၌ မကျေပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြတော့မှာဖြစ်ပါတယ်။



၂၀၁၅ ခုနှစ်က ထိုးသတ်ခဲ့တဲ့ ဒီလက်ဝှေ့သမားနှစ်ဦးရဲ့ ပြိုင်ပွဲမှာ အသက် ၃၃ နှစ်အရွယ်ရှိ ဂျိုရှူယာက အသက် ၃၆ နှစ်အရွယ် ဒီလီယန်ဝိုက်ကို အလဲထိုးနိုင်ပွဲနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလီယန်ဝိုက်ဟာ ၂၀၂၂ ခုနှစ်ကလည်း သူ့ရဲ့စိန်ခေါ်ပွဲမှာ တစ်နိုင်ငံတည်းသားဖြစ်တဲ့ တိုင်ဆန်ဖူရီကို ရှုံးနိမ့်ခဲ့သေးတာဖြစ်ပါတယ်။

ဒီလီယန်ဝိုက်ဟာ ၂၀၀၉ ခုနှစ်က ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ အပျော်တမ်းလက်ဝှေ့ပြိုင်ပွဲမှာသာ ဂျိုရှူယာကို အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျိုရှူယာအနေနဲ့ အဲဒီပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့လို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ထိုးသတ်ခဲ့တဲ့ ပရော်ဖက်ရှင်နယ်အဆင့် လက်ဝှေ့ပြိုင်ပွဲမှာတော့ ဒီလီယန်ဝိုက်ကို အလဲထိုးကာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

**Ans:**

**Present Simple**

I. 1. play; 2. runs; 3. lives; 4. goes; 5. plays;
II. 1. give; 2. cooks; 3. study; 4. meets; 5. bark;
III. 1. does not have; 2. does not do; 3. does not go; 4. does not like; 5. does not cook;
IV. 1. Do; 2. Does; 3. Do; 4. Does; 5. Does;
V. 1. No, she doesn't; 2. No, he doesn't; 3. Yes, he does; 4. No, I don't; 5. Yes, I do;
VI. 1. I do homework every day. 2. They watch TV every night. 3. Ko lay reads the newspaper every day. 4. Maung Maung does not like coffee. 5. Father goes to office at 8 o'clock.

******************

**Past Simple**

I. 1. knew; 2. worked; 3. threw; 4. got; 5. looked;
II. 1. He did not throw the letter into the fire. 2. She did not speak English at the meeting. 3. They did not run fast when I saw them. 4. We did not sell our old books. 5. Uncle did not buy a new car yesterday.
III. 1. Did she meet them at the airport? 2. Did they play badminton this evening? 3. Did you read the newspaper this morning? 4. Did Daw Lay watch the clothes? 5. Did Min Min go for a swim today?

**************

(ယခင်တစ်ပတ်မှအဆက်)

**Past Simple (V2)**

**IV. Write the short answers.**

**e.g. Did you do homework?**
**Yes, I did.**
**e.g. Did she eat lunch?**
**No, she didn't.**

1. Did he buy a new pen?
   Yes, ______________.
2. Did they play basketball?
   No, ______________.
3. Did you go there?
   Yes, ______________.
4. Did he use my phone?
   No, ______________.
5. Did you get up early this morning?
   Yes, ______________.

**V. Translate the following sentences into English.**

၁။ မေမေ ကြက်သားဟင်း ချက်ခဲ့တယ်။
(cook/ chicken curry)
______________________________.

၂။ ကိုကို ဒီနေ့ စာမကျက်ခဲ့ဘူး။
(not/ study lessons/ today)
______________________________.

၃။ ဦးလေး ကားသစ်တစ်စီး ဝယ်ခဲ့သလား။
(buy a car)
______________________________.

၄။ မင်း ဒီနေ့ ရေသွားကူးခဲ့သလား။
(go for a swim)
______________________________.

၅။ သူတို့ ဒီနေ့ ဒီကို မလာခဲ့ပါ။ (not/ come here)
______________________________.

******************

## Grade 6

### Unit : 2
### Lesson 2: Talking about families

**(A) Answer the following questions.**

1. How old are you?
2. What's your hobby?
3. What's your favourite food?
4. How many people are there in your family?
5. Who are they?
6. How many brothers and sisters do you have?

(အထက်ပါ အမေးနှင့်အဖြေများကို **Student(A)** နဲ့ **Student(B)** အပြန်အလှန်လေ့ကျင့်ပါ။)

**(B) Ask your friends about their personal details and then complete the text. (သူငယ်ချင်းများရဲ့ ကိုယ်ရေးအချက်အလက်များကို မေးမြန်းပါ။ အောက်ပါစာပိုဒ်တွင် ဖြည့်စွက်ပါ။)**

You can use the following questions.
(အောက်ပါမေးခွန်းများကို အသုံးပြုနိုင်သည်။)

- What's your name?
- How old are you?
- How many brothers and sisters do you have?
- What's your favourite food?
- What's your hobby?
- What is your ambition?
- How many people are there in your family?
- Who do you live with?

<u>သူငယ်ချင်း (၁)</u>

His/Her name's _____. He/She is _____ years old. He/She has _____ brothers and _____ sisters. His/Her school is near her home. The school starts at 9 o'clock in the morning and is over at 3 o'clock in the afternoon. His/Her favourite food is _____. His/Her hobby is ____. He/She uses colour pencils to draw pictures. His/Her ambition is to be a _____. There are _____ people in his/her family. He/She lives in Yangon with his/her _____.

*******************

## Grade 7

### Unit 2
### Lesson 1: Keeping good habits

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The teacher provided a c_________ to the student's grammar error by underlining the incorrect word.
2. Ko Ko has r________ habit. He always revises his lessons.
3. He has a bad h_________ of biting his nails when he's nervous.
4. I have a q__________ about the homework assignment. Could you please explain it to me?
5. She always carries a small n________ in her bag wherever she goes.
6. The crossword puzzle was challenging, but she managed to solve it with the help of a d_______.
7. She couldn't use the computer because the screen was b__________.
8. N__________ are eyes and ears of the country.
9. It's important to take care of the e_________ by reducing waste and conserving energy.
10. He practiced the p_________ of difficult words by repeating them out loud.

**II. Supply the correct form of the words given in brackets.**

1. (revise) I am practicing my writing by making _____ to my sentences.
2. (correct) The teacher gave me a _________ to improve my handwriting.
3. (question) I have a _________ look on my face when I don't understand something.
4. (clean) We hired a _________ to vacuum and mop the floors in our house.
5. (habit) Brushing your teeth every morning and night is a _______ practice for good oral hygiene.
6. (habit) She _________ brushes her teeth every morning and before going to bed.

**III. Supply the correct form of the verbs given in brackets.**

1. (keep) We ________ two dogs in our compound.
2. (put) Where did you _______ the car key?
3. (point) She _________ to the red balloon in the sky.
4. (revise) He will _________ his story by making it more interesting.
5. (find) She _______ a beautiful seashell on the beach and picked it up.

**IV. Rearrange the following sentences.**

1. ? / habit/ has / Who / dictionary/ the /
   ______________________________.
2. things / Who / ? / puts / place / their / in / right/
   ______________________________.
3. up / mess/ Who / cleans / the / ?
   ______________________________.
4. an / ? / Who / writes / essay / a / week / once /
   ______________________________.
5. goes / ? / early / and / early/ up / to / bed / wakes / goes / to /
   ______________________________.

**Ans:**
**Unit 2**
**Lesson 1: Keeping good habits**

I. 1. correction; 2. revision; 3. habit; 4. question; 5. notebook; 6. dictionary; 7. broken; 8. Newspapers; 9. environment; 10. pronunciation;
II. 1. revision; 2. correction; 3. question; 4. cleaner; 5. habitual; 6. habitually;
III. 1. keep; 2. put; 3. pointed; 4. revise; 5. found;
IV. 1. Who has the dictionary habit? 2. Who puts things in their right place? 3. Who cleans up the mess? 4. Who writes an essay once a week? 5. Who goes to bed early and wakes up early?

********************

## Grade 8

### Unit 2
### Lesson 2 : School

- Types of school
- Schooldays

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. There was an expression of c__________ happiness on the faces of both father and daughter.
2. This game is so b___________, can't we do something?
3. This was indeed the most m__________ day of my life.
4. A government school is a school which is funded by the g___________.
5. A p_________ school is a school where parents have to pay for their children's education.
6. A m__________ school is a school organized by a monastery.
7. A m__________ school is a school for both boys and girls.
8. What are the memories of your s__________?
9. Our principal is very s_________ in disciplines.
10. He has excellent social s____________s.

**II. Supply the correct form of the words given in brackets.**

1. (memory) It was a truly __________ experience.
2. (boring) I was so _________ that I slept through the second half of the film
3. (govern) _____________ is a great achievement of civilization.
4. (monastery) They studied in a __________ school.
5. (strong) The students are the __________ of the nation.
6. (weak) Human pride is human __________.
7. (encourage) Teachers should give _________ to their students.
8. (compete) There was an essay __________ in our school last week.
9. (inspire) Our English teacher is an ___________ teacher.
10. (explain) He left the room without ___________.

**III. Supply the correct form of the verbs given in brackets.**

1. (send) I __________ you postcards as soon as I reach there.
2. (teach) U Kyaw _________ us English since we were young.
3. (give) I _________ a present to my friend yesterday.
4. (explain) Teacher __________ the lessons to us twice.
5. (make) At present, mother __________ breakfast for us.
6. (lose) I _______ my pen since yesterday.
7. (go) Where are you _____________ now?
8. (gain) The baby is quickly __________ strength in her legs.
9. (meet) We __________ him at the station this morning.
10. (start) What time does the film __________?

*******************

## Grade 9

### Unit 2
### Lesson 2: The Salone : Nomads of the sea

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. N_________ are people who move from place to place, often living in tents or temporary shelters.
2. You are good-looking in a Myanmar t__________ dress.
3. M__________ are trees that grow in coastal areas and have roots that can tolerate saltwater.
4. T____________ regions have warm climates with lots of sunshine and lush vegetation.
5. Heavy rainfall and strong winds occur in m__________ season.
6. F_________ boats made of thin wood can easily break or get damaged in rough waters.
7. A___________ refers to a place where you can stay, such as a hotel or guesthouse.
8. M_______ products are items that come from the sea, like fish, shellfish, and seaweed.
9. During summer vacation, we enjoyed r_________ through the fields, exploring nature's beauty and spotting various animals.
10. A b________ gift is a present given to a person's future spouse as a symbol of engagement or commitment.

**II. Supply the correct form of the words given in brackets.**

1. (possess) I have a special toy that is my favorite _________.
2. (know) The Salone is __________ as the Moken.
3. (tradition) During the Lunar New Year, we wear ________ clothes and celebrate with our family.
4. (accommodate) We booked a cozy _________ near the beach for our summer vacation.
5. (nature) The beautiful rainbow in the sky is a _________ phenomenon caused by sunlight and rain.
6. (marry) My aunt and uncle had a big celebration for their _________.
7. (transport) We took a bus to go to the zoo because it's a convenient mode of _________.
8. (celebrate) We had a big ________ with cake, balloons, and music to celebrate my birthday.
9. (nomad) __________ people live in tents and move from place to place, often following their herds of animals.
10. (perform) During the school talent show, students showcased their talents through singing, dancing, and other _________.

**III. Supply the correct form of the verbs given in brackets.**

1. What is the Salone also known as?
_______________________________________________.
2. Where do the Salone inhabit?
_______________________________________________.
3. What can be seen in the Myeik Archipelago?
_______________________________________________.
4. What do the Salone build for their temporary accommodation?
_______________________________________________.
5. How do the Salone earn their living during the hot and cold seasons?
_______________________________________________.
6. What are natural marine products?
_______________________________________________.
7. What are the Salone's incredible skills?
_______________________________________________.
8. Why are a Salone man and his boat inseparable?
_______________________________________________.
9. When is the Salone festival celebrated? Why?
_______________________________________________.
10. Why is the Salone way of life today more difficult than before?
_______________________________________________.

*************************

Ans:

Lesson 2: The Salone: Nomads of the sea

I. 1. Nomads; 2. traditional; 3. Mangroves; 4. Tropical; 5. monsoon; 6. Fragile; 7. Accommodation; 8. Marine; 9. roaming; 10. betrothal;

II. 1. possession; 2. known; 3. traditional; 4. accommodation; 5. natural; 6. marriage; 7. transportation; 8. celebration; 9. Nomadic; 10. performances;

III. 1. The Salone is also known as the Moken. 2. The Salone inhabit the Myeik Archipelago. 3. Coral reefs, seagrass beds, mangroves, white sandy beaches and tropical evergreen forests in the Myeik Archipelago. 4. The Salone build long-legged huts made of bamboo or canes for their temporary accommodation.5. The Salone earn their living by fishing and collecting and trading natural marine products such as sea shells. 6. Natural marine products are sea shells, sea cucumbers, oysters, seaweeds, pearls, bird's nests, and medicinal plants that grow on the islands. 7. The Salone's incredible skills are that they can see underwater clearly, dive deep and stay underwater for a long time without any breathing apparatus like snorkeling. 8. A Salone man and his boat inseparable are inseparable because a boat is his betrothal gift to his beloved woman's parents. 9. The Salone festival is celebrated in late April at the Myeik Archipelago to mark the time they leave the rough and strong sea before the monsoon season. 10. The Salone way of life today is more difficult than before because of overfishing.

*********************

## Grade 12

### Unit 2 KEY TO HAPPINESS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

**V.(Seen passage 1)**

(A) 1. answered; 2. constancy; 3. happiness; 4. enjoyable; 5. good relationship;

(B)6. Because the definition of happiness may change over time – today's view on happiness may be a different one tomorrow. 7. The word 'happiness' means 'a state of well-being and contentment' in the Meriam-Webster Dictionary (2016). 8. We are most likely to feel relaxed and happy when we are in a peaceful state of mind. 9. The definition of 'happiness' for a pensioner is a better quality of life. 10. We should hang out with friends or spend time with our family to release our stressful feelings when we feel depressed.

**(Seen passage 2)**

A.1. Love; 2. Happiness; 3. Kindness; 4. Happy; 5. Envy;

B.6. Job satisfaction and career success are important factors for your happiness. 7. We tend to achieve happiness when we can accomplish the tasks we have undertaken. 8. Treating everyone with kindness is identified as another key element of happiness. 9. According to studies by psychologists in different countries, the benefit of helping other people on one's own happiness is that when we help others, it not only good for them, it also makes us feel happier. 10. People who are envious of others are more likely to experience negative emotions.

******************

**(3) Read the passage. (Seen passage)**

**5. Have better physical and mental health**

Good health also is vital for happiness. It is undeniable that healthy people are happier than those who are not. To achieve true happiness, you must be fit, both physically and mentally a happy person has better physical and mental health. It is widely known that your mind and body are closely connected you feel stressed out, you are likely to experience fatigue a muscle tension. Similarly, if you feel happy and calm, you are likely to have more mental energy and more physical vitality.

**6.Have a feeling of contentment**

Contentment is the key to happiness – people who accept what they have are happier than people who crave for more career success and money. A recent survey shows that the simplest things in life are the most important for you. You tend to be happy with simple things, like a walk in a park, a beautiful sunset and an evening with a friend. It is true that people need to have a reasonable amount of material possessions, but wanting more than what is necessary breeds greed and frustration.

**7.Get rich**

Most people believe that money is the best way to find happiness. Of course, a person needs money to some extent in order to live comfortably. Rice people often consider that they are happy as they can buy expensive houses, new cars, big yachts and designer clothes. However, some people think happiness does not depend on money. Nevertheless, we can see many people trying to get rich in every possible way in the hope of achieving happiness in life.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. Good health also plays a ________ role in fostering happiness.
2. In order to attain genuine happiness, one must strive for _______ in both physical and mental dimensions.
3. Only when we have contentment, we can have ________.
4. Those who want more than what is necessary are not as happy as those who _________.
5. We must do simple things like a walk in a park to make ourselves _______.

**(B)Answer each question in one sentence. (5 marks)**

6. What can we have when we fit physically and mentally?
7. When are you likely to experience fatigue?
8. Why is contentment the key to happiness?
9. Why do rich people consider that they are happy?
10. How are many people trying to get rich?

*******************

Ans:

Seen passage (3)

1. vital; 2. fitness; 3. happiness; 4. accept what they have; 5. happy;

6. We can have true happiness when we fit physically and mentally. 7. We are likely to experience fatigue when we feel stressed out. 8. Contentment is the key to happiness because people who accept what they have are happier than people who crave for more career success and money. 9. Rich people consider that they are happy because they can buy expensive houses, new cars, big yachts and designer clothes. 10. Many people are trying to get rich in every possible way in the hope of achieving happiness in life.

********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

✪ ကျောဖုံးမှ

ဗန်လုက အနိုင်ရရှိခဲ့ပြီး ကသေဝါး (ရိုးရာကျား)နှင့် ဇော်ဒူလမရှီး(Power Punch) တို့ပွဲစဉ်မှာ အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ထို့နောက် ၅၂ ကီလိုတန်း(သုံးချီ)ပွဲစဉ်များကို ယှဉ်ပြိုင်ထိုးသတ်ရာ သန်းလင်းအောင် (Ray)က ဆိုင်မွန်(Warriors)ကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ အဏ္ဏဝါဟိန်း(Fighting Fight Club)ကို အောင်ကောင်းကျော်(Ray)က ဒုတိယအချီ ၂ မိနစ် ၅၆ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောင်ကို(Tiger Gym)နှင့် မြင့်မြတ်ဟိန်း (လုံးချောကလပ်)တို့ပွဲစဉ်မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ယင်းနောက် ၅၄ ကီလိုတန်း(သုံးချီ) ပွဲစဉ်တွင် ဆောကဘေဖိုး(ရိုးရာကျား)၏ ထိုးသတ်ချက်ကြောင့် ပထမအချီ ၄၆ စက္ကန့်တွင် ရဲကျော်အောင်(360 Sports) ဒဏ်ရာရပြီး ဆက်လက်ယှဉ်နိုင်ခြင်း မရှိသဖြင့် ဆောကဘေဖိုးက အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ၅၇ ကီလိုတန်း(သုံးချီ) ပွဲစဉ်များတွင် စသန်းဖြိုးကျော်(Power Punch)–ကျားရိုင်း(ကျားဘုရင်)၊ ဒီးဒီး (Yangon Fight Club)–ဂျာလ(Python)၊ အောင်ရဲနိုင်(Power Punch)–မင်းမင်း (နဂါးမာန်) တို့ ပွဲစဉ်များမှာ ပူးတွဲသရေရလဒ်များသာ ထွက်ပေါ်ခဲ့ပြီး စောကဲဒို (Holy Power)၏ ဒူးတိုက်ချက်ကြောင့် စောလယ်အဲ(ရိုးရာကျား)မှာ ပထမအချီ မှာပင် အရှုံးပေးခဲ့ရသည်။

၆၀ ကီလိုတန်း(သုံးချီ)ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ တမာကျား (Smart Fight Club)က သူရိန်(ဒေါင်းမြန်မာ)ကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ ညီရဲခန့်(Yangon Fight Club)က မင်းကို(ကမ္ဘာ့အေးကလပ်) ကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

နောက်ဆုံးတွဲဆိုင်းဖြစ်သည့် ၈၀ ကီလိုတန်း(သုံးချီ) စိုင်းလုံ(ဒေါနသွေး)နှင့် မုန်ဆမ်အောင်(လုံးချောကလပ်)တို့ ပွဲစဉ်မှာ သွေးမြေခသည်အထိ အပြန်အလှန်ထိုးသတ်ခဲ့ကြသဖြင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သော်လည်း သုံးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အလူးအလဲနှင့် ပူးတွဲသရေဖြစ်ခဲ့ကြောင်း သိရသည်။

**သတင်း–လင်းရာမ၊ ဓာတ်ပုံ–ကိုထက်**

**❍ AFC Cup ပြိုင်ပွဲမှ**

ယှဉ်ပြိုင်ခွင့်ရထားခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် တွေ့ဆုံနေပြီး ဩဂုတ် ၁၆ ရက်တွင် အိမ်ကွင်းကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယင်းအဆင့်ကို ကျော်ဖြတ်နိုင်ပါက ခြေစစ်ပွဲ Play–off အဆင့်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာကလပ်များသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဇုန်ကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၂ သင်း ပါဝင်မည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ဆီဒင်သတ်မှတ်ချက်တွင် Pot–3 ၌ ပါဝင်နေသည်။ ဆီဒင်သတ်မှတ်ချက်အရ Pot–1 တွင် ဆီဘူး (ဖိလစ်ပိုင်)၊ ဟိုင်ဖုန်း (ဗီယက်နမ်)၊ တီရန်ဂါနူး (မလေးရှား)၊ Pot–2 တွင် မက်အာသာ (ဩစတြေးလျ)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ Pot–3 တွင် ရှမ်းယူနိုက်တက်(မြန်မာ)၊ ဆာဘား (မလေးရှား)၊ လာဂူနာ(ဖိလစ်ပိုင်)၊Pot–4 တွင် စင်ထရယ်ကော့စ်မာရီနာ (ဩစတြေးလျ) နှင့် ခြေစစ်ပွဲအောင် နှစ်သင်းတို့ ပါဝင်နေသည်။

ခြေစစ်ပွဲကို ဩဂုတ်လတွင် အပြီးကျင်းပမည်ဖြစ်ပြီး အာဆီယံ ဇုန်အုပ်စုပွဲစဉ်များကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ဓာတ်ပုံ–MNL**




## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရရှိသည့် စာရေးသူ လွင်မြန်မာ (မန်းတက္ကသိုလ်)၏ **“မော်ကွန်းကဗျာအညွှန်း”** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာစာပေသမိုင်း၌ ပေါ်ပေါက်ဖြစ်ထွန်းခဲ့သော “မော်ကွန်းကဗျာများ” ထဲမှ လူသိများထင်ရှားသော အကြောင်းအရာမတူသည့် “မော်ကွန်း” ရှစ်စောင်နှင့် ၎င်းမော်ကွန်းများ ရေးဖွဲ့သော “မော်ကွန်း”စာဆို ခြောက်ဦး၊ ရဟန်းနှစ်ပါးနှင့် လူပုဂ္ဂိုလ်လေးဦးတို့၏ အကြောင်းအရာနှင့် မော်ကွန်းတို့၏ စာပေ၊ သုတ၊ ရသတို့ကို ညွှန်းဆိုထားသည်။ မော်ကွန်း ရှစ်စောင်ကို မော်ကွန်း စာဆိုအတ္ထုပ္ပတ္တိ၊ မော်ကွန်း နောက်ခံ၊ မော်ကွန်းဦးတည်ချက်၊ မော်ကွန်း အကြောင်းအရာ၊ မော်ကွန်း အရေးအဖွဲ့ဟူ၍ (၅)မျိုး ခေါင်းစီးတပ်ကာ ညွှန်းဆိုထားသည်။ အညွှန်းဆိုခံမော်ကွန်းများမှာ ပြည်စုန်မော်ကွန်း၊ ရွှေနန်းတည်မော်ကွန်း၊ တံတားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရတနာပြောင်ဆင်တော်မော်ကွန်း၊ မိတ္ထီလာကန်တော်ဖွဲ့မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်း၊ ရတနာနဒီဖွဲ့မော်ကွန်းတို့ ဖြစ်ကြသည်။ ညွှန်းဆိုရာတွင် ရသမြောက်သရုပ်ဖော်အဖွဲ့၊ စကားအသုံးအနှုန်း၊ ဂုဏ်အလင်္ကာ၊ မော်ကွန်းအချုပ်ဒ် ကာရန်ယူပုံ စသည်တို့ကို ခွဲခြားပြထားသည့်အတွက် မော်ကွန်းတို့၏ သဘောသဘာဝကို သိရှိခံစားနားလည်နိုင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)၊ အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၀ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉– ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ စာပဒေသာ ပထမဆုရရှိသည့် စာရေးသူ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ **“ရှေးမြို့ဟောင်းများ သမိုင်းခြေရာခံခရီးသွားလေ့လာရေးဆောင်းပါးများ”** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာရေးသူက သဲကုန်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ မြို့တစ်ပေါက် မြို့ဟောင်း၊ တဘူးမြို့ဟောင်း၊ သာယာဝတီမြို့ဟောင်း၊ လှိုင်မြို့ဟောင်း၊ ဘုရားကြီးမြို့ဟောင်းနှင့် ပြည်မြို့ဟောင်းများကို သမိုင်းခြေရာခံခရီးသွားလေ့လာ ရေးသားထားသည်။ တူးဖော်တွေ့ရှိပစ္စည်းများ၏ ဓာတ်ပုံများ၊ ကောင်းကင်မြေပုံ၊ ဆွဲမြေပုံများကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး (၃၀၀၀) ကျပ်ဖြင့် အမှတ် ၅၂၉ –၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)၊ အမှတ် (တ– ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊၈၆ လမ်း၊ ၂၀ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉– ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်(စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ တိုက်အမှတ်–(၉၁)၊ (၆)ထပ်တိုက်အဆောက်အအုံ၏ ဒုတိယထပ်(၃–လွှာ)(ခေါင်းရင်းခန်း)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၁၆–၁၁–၂၀၁၁)ရက်စွဲပါ “တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်နိုင်ဦး [၁၄/ရကန(နိုင်)၀၁၀၁၁၃]နှင့် ဒေါ်နီလာမြထိုက်[၁၂/မဂတ(နိုင်)၀၅၃၉၅၂]တို့မှ ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ မြေရှင် ဒေါ်အေးသိန်းမှလည်း ဖော်ပြပါစာချုပ်တွင် အသိအမှတ်ပြု လက်မှတ်ရေးထိုးချုပ်ဆိုပေးခဲ့ပါသည်။ ဦးဇော်နိုင်ဦးမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ဒေါ်နီလာမြထိုက်မှ ဖော်ပြပါတိုက်ခန်းတွင် ယနေ့အချိန်ထိ နေထိုင်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာမြထိုက်မှ ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ မရှိပါကြောင်း၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု၊ အကျိုးခံစားခွင့် အစရှိသဖြင့်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာမြထိုက်နှင့်သာလျှင် သက်ဆိုင်မည်ဖြစ်ပါကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မဆို ဒေါ်နီလာမြထိုက် မသိရှိဘဲ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မရိုးမဖြောင့်သောသဘောဖြင့် မည်သည့်ပြုလုပ်မှုကိုမှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာခင်(LL.B, D.BL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၅၁/၂၀၁၄)**
**Ph–၀၉–၂၅၂၆၄၀၀၂၄**



**“ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၁၂၃)၊ လင်းပင်လမ်း၊ မြေအကျယ်(၄၀ပေ×၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်”တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း”**

အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့မြေယာဌာန၏ မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပက်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်းဝန်ခံကတိပြု၍ရောင်းချသူ ဒေါ်အေးသန်း(၁၂/ကမတ(နိုင်)၀၁၈၆၃၈)ထံမှကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိပ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဘက်သဘောတူညီချက်များအတိုင်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ် သက်ထားဆွေ LL.B ,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
၀၉-၉၃၂၃၃၄၉၉၆၊ ၀၉-၃၉၀၄၅၄၅၃၀



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်း–၂၀၊ အမှတ်(၉၃)၊ (၃)ထပ်တိုက် အဆောက်အဦတွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လီလီခိုင် [၁၂/လသန(နိုင်)၀၀၆၉၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဒေါ်လီလီခိုင် နေထိုင်သော လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်း(၂၀) ရှိအမှတ်(၉၃)၊ (၃)ထပ်တိုက်အဆောက်အဦနှင့် ၎င်းတည်ရှိရာ မြေကွက်အား ၎င်း၏မိဘများဖြစ်သော ဦးကျော်နှင့် ဒေါ်တီတို့က မူလပိုင်ရှင်များထံမှ ၁၉၅၉ ခုနှစ်ကတည်းကဝယ်ယူ၍ လက်ရှိနေထိုင်အသုံးပြုနေပါသည်။ စည်ပင်သာယာရေးအခွန်များကိုလည်း နှစ်စဉ်ထမ်းဆောင်လျက်ရှိပါသည်။ ယခုအခါ မိဘများမရှိတော့သည်မှာကြာပြီဖြစ်ပါ၍ ဒေါ်လီလီခိုင်မှ ဦးဆောင်ဦးရွက်ပြု၍ ညီအစ်ကိုမောင်နှမများကိုယ်စား မိသားစုပိုင်နေထိုင်နေသော မြေကွက်နှင့်အဆောက်အဦအား ဥပဒေနှင့်အညီ ဌာနဆိုင်ရာရုံးများတွင် ပျောက်ဆုံးနေသော စာရွက်စာတမ်းအချို့အတွက်လည်းကောင်း၊ ၎င်းတို့ပိုင်ဆိုင်မှုအတွက်လည်းကောင်း၊ ပြည့်စုံစွာလျှောက်ထားစွဲဆိုတော့မည်ဖြစ်ပါ၍ ကန့်ကွက်ပြောဆိုလိုသူများသည် ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၀)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခင်မောင်လတ်** | **ဒေါ်နှင်းဝတ်ရည်(LL.B)** |
| **BA(Law)LL.B(Advocate)** | **အထက်တန်းရှေ့နေ(စဉ်–၂၇၄၉၅)** |

**တရားလွှတ်တော်ရှေ့နေ(စဉ် ၄၂၈၃)**
**အမှတ်(၁၈)၊ (၅)လွှာ၊ ဗေယျာသုခလမ်း**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၁၁၀၇၇၃၃**



**Yeemon Thein အကောင့်အသုံးပြုသူနှင့် အများသိစေရန် သတိပေးကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းရွှေစင် [၁၂/တမန(နိုင်)၁၀၂၅၃၁] တောတန်းလေးရွာ၊ သံပုရာကုန်းကျေးရွာအုပ်စုအပိုင်၊ ထန်းတပင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ပါလိပ်စာတွင် လွန်ခဲ့သော(၁၀)နှစ်ခန့်မှစ၍ ဟောခန်းဖွင့်လှစ်၍ အကြားအမြင်ဟောကြားနေသည့် ဆရာမတစ်ဦးဖြစ်ပါသည်။ Online မှ နေ၍ “ဒေဝီအောင်ခြင်းမေ” အကောင့်ဖြင့် (၁–၇–၂၀၂၃) ရက်နေ့တွင် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ၎င်းနှင့်ပတ်သက်သည့် အင်တာဗျူး Post ကိုတင်ခဲ့ပါသည်။ ထို post ကိုပင် “ Yeemon Thein” အကောင့်ပိုင်ရှင်မှလည်း သတင်းမီဒီယာတစ်ခုမှ Share ယူပြီး Facebook တွင် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် Public ဖြင့် post တင်ရေးသားပြီး comment တွင်လည်း ကျွန်ုပ်တို့၏မိတ်ဆွေအား ထိခိုက်စေသည့် စကားလုံးများကို အသုံးပြုပြီး မှန်ကန်ခြင်းမရှိသောဖြစ်ရပ်များကို ရည်ရွယ်ချက်ရှိစွာဖြင့် ဂုဏ်သိက္ခာထိခိုက်အောင် ရေးသားပြုလုပ်နေသည်ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေအား အမြန်ဆုံးတောင်းပန်ရန်နှင့် နောက်နောင် လူမှုကွန်ရက် Facebook တွင် post တင်ရေးသားခြင်း comment တွင် ရေးသားခြင်းများမပြုလုပ်ရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ရာဘီ (LL.M)** | **ဒေါ်သိန်းသန်းအေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၈၁၂၂)** | **(စဉ်–၁၁၇၀၃)** |

**တိုက်(၇၈)၊ အေ–၃၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၉၂၆၃၉၅၉၊ ၀၉–၉၇၂၉၆၉၁၉**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို
လျှော့သုံးပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်(၄၆)၊ ဒေါ် စန်းရီ(ZGN-၀၇၆၉၇၅)အမည်ပေါက်၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေနှင့်အဆောက်အဦအပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မိဇင်မာဦး [၁၀/ကမရ(နိုင်)၀၈၆၇၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်မင်းပိုက်**
**(LL.B. D.B.L, DIL, DML, DL–101 WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၉၀/၃၁–၈–၂၀၁၇)**
**အမှတ်(၄၇၅)၊ပိတောက်(၂)လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၇၂၆၄၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်–၂၇၁(က)ဟုခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ(၉)လမ်း၊ အမှတ်–၂၇၁(က)၊ အကျယ်အဝန်း အလျား (၆၀) ပေx အနံ (၂၀)ပေ ရှိသည့် မြေကွက်၏ နှစ်(၆၀)မြေငှားဂရန်တွင် ဦးမျိုးချစ် (N/OKA–၀၉၅၀၈၇)အမည်ဖြင့် တည်နေသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးမျိုးချစ်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နီ [၁၂/ဥကတ(နိုင်)၀၄၄၅၈၄]၏ သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်ဦး၊ ဦးကျော်သိန်းနိုင်၊ ဦးကျော်သိန်းလင်း၊ ဒေါ်နီနီလင်း၊ ဒေါ်နီနီအောင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ကိုမင်းနှင့် ဒေါ်မြတ်ကေခိုင်တို့က အထက်ပါအိမ်နှင့်မြေအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်မြေနှင့်ပတ်သက်၍ အမွေဆက်ခံခွင့်ရှိသူ၊အမွေသက်ဆိုင်သူ၊ အခွင့်အရေးရထိုက်ခွင့်ရှိသူ၊ အကျိုးခံစားခွင့်ရှိသူမည်သူမဆို အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်စန္ဒာမင်း (LL.B, D.B.L, D.I.L, D.M.L, D.A.Psy) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၄၀)**
**အမှတ်–၄၂၉ ၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ် ၆ ၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း – ၀၉–၄၂၅၀၁၃၁၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ် (၁၇၁၆/က) ဟုခေါ်တွင်သော ဦးမျိုးဝေအမည်ပေါက်ပါမစ်မြေအမျိုးအစား၊ ဧရိယာ (အလျား ၂၀ ပေ x အနံ ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထူးအောင်(ဘ)ဦးအောင်ဆင့်[၁၄/ဘကလ(နိုင်)၂၂၄၀၉၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟစိုး B.A(Hist), Post Graduate Dip in Law (PGDL), D.B.L(ABE–UK), DL101(WIPO) Switzerland**
**အထက်တန်းရှေ့နေ(စဉ်–၄၇၉၃၈)**
**ရှေ့နေများရုံးခန်း–အမှတ်(၁၄၆)၊ လမ်း(၄၀) အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉၇၈၄၇၆၄၅၉၄**

## လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်ပိတောက်လမ်းအမှတ်–၁/၃၃(ခ) မြေနှင့်အိမ်ဝယ်မည်။ ကန့်ကွက်နိုင်သည်။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပိတောက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သောင်ကြီးမြောက်–၁)၊မြေကွက်အမှတ်(၃၃(ခ))၊ မြေအကျယ်( အလျား၂၀ပေ×အနံ ၆၀ပေ)ရှိ"ဦးမြင့်နိုင်"(P/RGN–၀၀၁၁၅၅)၏ ပါမစ်အမည်ပေါက်မြေကွက်နှင့်အိမ်ကို ပိုင်ဆိုင်သူ "ဦးမြင့်နိုင်"(ကွယ်လွန်) ၏ဇနီး "ဒေါ်အေးရှင်"(EJ–၀၄၇ပ်၇၈)မှအမွေဆက်ခံပိုင်ဆိုင်သူ ဖြစ်ကြောင်းကြေငြာ၍ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့သဖြင့်ယင်းထံမှ ကျွန်ုပ်တို့ မိတ်ဆွေ "ဒေါ်ဝင်းစန္ဒာ" (၁၂/လသယ(နိုင်)၀၃၇၉၉၉)က အပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်သည်။ကန့်ကွက်လိုသူရှိပါကဤကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်၍ ပါမစ်(မူရင်း)နှင့်ဆက်စပ် တချုပ် (မူရင်း)များပြသ "ကန့်ကွက်" နိုင်သည်။ ကန့်ကွက်သူမရှိပါက "မြေနှင့်အိမ် အရောင်းအဝယ်" ကို အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဌာရာမြင့်အောင်(မောင်ကောင်းပေ)** LLB.,DML (စဉ် –၄၉၀၈/၈၉)
**ဦးတင်မောင်မြင့်(ကြယ်နီလေး)** LLB.,DIL (စဉ် –၇၇၀၅/၁၀)
တရားလွှတ်တော်ရှေ့နေများ

ရုံး – ၈၃/၁၀၊ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
အိမ် – ၁၇၆၆၊ ရေဝေါ်ဆက်စပ်လမ်း၊(၅၅)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
09 251015089,09 780555924

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၂၄)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅–လွှာ/A)၊(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းဝင်းရွှေ [၁၂/စခန(နိုင်)၀၃၂၉၇၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

**ဒေါ်အေးမြင့်ရီ** (BSc,DA,HGP,R.L,DBL,DML,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃) ဖုန်း–၀၉–၇၉၈၈၂၇၅၉၀
**ဒေါ်စိုးစိုးမြင့်** (LL.B)(စဉ်–၁၀၀၆၃) တရားလွှတ်တော်ရှေ့နေ ဖုန်း–၀၉–၄၂၁၀၃၅၉၆၃
**ဦးသိန်းညွှန့်** (BA,HGP,R.L,DBL,DML,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁) ဖုန်း–၀၉–၅၀၅၃၁၀၇

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇စီ၊ မြေကွက်အမှတ်–၃၈–A ၊ ဧရိယာ (၁၄၉၉) စတုရန်းပေရှိ ဒေါက်တာမင်းသွင် (ခ) ဦးသောင်းရင်နှင့် ဒေါ်ဖြူဖြူစန်း အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်၏ မြေပိုင်ဆိုင်မှုနှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် (၃၄) ပေါ်တွင် ဆောက်လုပ်ထားသော (၇) ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၂၂/၂၃x၆၆/၆၇) ပေရှိ တိုက်ခန်းတစ်ခန်း၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များ အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော (၁) ဒေါက်တာမင်းသွင် (ခ) ဦးသောင်းရင် [၁၂/စခန (နိုင်) ၀၀၆၈၅၁]၊ (၂) ဒေါ်ဖြူဖြူစန်း [၁၂/စခန (နိုင်) ၀၀၆၈၅၂] တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေပိုင်ဆိုင်မှုနှင့် တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်အေးမြင့်ရီ** BSc,DA, HGP, R.L, DBL, DML, DIL တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃) ဖုန်း–၀၉–၇၉၈၈၂၇၅၉၀
**ဒေါ်အိဖြိုးဇင်** LL.B, D.B.L (စဉ်–၁၅၉၇၅) တရားလွှတ်တော်ရှေ့နေ ဖုန်း–၀၉–၇၉၀၁၂၄၈၀
**ဦးသိန်းညွှန့်** BA, HGP, R.L, DBL, DML, DIL တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁) ဖုန်း–၀၉– ၅၀၅၃၁၀၇

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊အိမ်အမှတ်(၆၁၀)ဟုခေါ်တွင်သော နေအိမ်ခြံမြေအား မိမိသာလျှင်ပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဦးသာကျော်၊ [၁၂ /မရက(နိုင်) ၁၆၃၆၉၁] ထံမှအဆိုပါ အိမ်ခြံမြေအားဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်ခက်ခက်မွန်[၅/ရဘန(နိုင်)၁၈၀၈၃၃ ]နှင့် ဒေါ်ဖြူဖြူမွန်[၁၂/လသယ(နိုင်)၀၇၄၂၈၅] ကိုင်ဆောင်သူတို့မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ အဆိုပါနေအိမ်ခြံမြေအား ပိုင်ဆိုင်ကြောင်း အဆိုပြု ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှ (၇)ရက် အတွင်းလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်နေလင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၄၆)(၃၀–၄–၂၀၁၅)**
**၉၉၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉–၇၉၅၅၄၈၉၆၈**

## အများသိစေရန် ကြေညာခြင်း

ဒေါ်ရွှေဝါ [၁၄/ဘကလ(နိုင်)၀၆၉၉၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ–

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ (၅)ရပ်ကွက်၊ ဆင်းကေရီလမ်း၊ အမှတ်(၃)နေ ဦးတင်မောင်လတ်[၁၄/ဘကလ(နိုင်) ၀၂၀၁၆၅]ကိုင်ဆောင်သူအား ဘိုကလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရှေ့၌(၂–၅–၂၀၂၃)ရက်စွဲဖြင့် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ရွှေဝါ [၁၄/ဘကလ(နိုင်)၀၆၉၉၄၂]မှ ပြန်လည်ရုပ်သိမ်းကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစောရွှေဝင်း**
**(LL.B,LL.M)(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၈၆)**
**အမှတ်(၁၃)၊ ၄လွှာ(အေ)၊ (၂)လမ်း၊ လမ်းသွယ်(၁)၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၆၉၁၄၃၊ ၀၉–၇၉ ၂၃၃ ၄၂၃၃**

## အများသိစေရန်ကြေညာချက်

၁။ တာမွေမြို့နယ်၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ ၁၅၆-လမ်း၊ အမှတ်(၈၁)တွင်(၁)ခန်းတည်း(၃)ထပ်တိုက်ဆောက်လုပ်ခွင့်ပြုမိန့်ကို ဦးသန်းထွန်းအမည်ဖြင့် လိုင်စင်ရကန်ထရိုက်တာဦးစိန်ဝင်း(LC-၃၅၅)၊ လိုင်စင်ရအင်ဂျင်နီယာဦးဇော်သန်း(LS-၅၄၃)၊ လိုင်စင်ရအဆောက်အအုံ အင်ဂျင်နီယာဦးခင်မောင်သန်း(SEC-၁၅)တို့ဖြင့်ဆောက်လုပ်ရန် ဤဌာန၏ ၉-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၃၈၀(ရ)၊၁၄၈၃/စည်ပင်-ယာ(အုံ)ဖြင့်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါအဆောက်အဦ၏ မူလခွင့်ပြုလိုင်စင်ရကန်ထရိုက်တာ ဦးစိန်ဝင်း(LC-၃၅၅)မှ လိုင်စင်ရကန်ထရိုက်တာ ဒေါ်အေးအေးခိုင်(LC-၁၂၀၃)ဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်ဦးသန်းထွန်း၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးစိန်ဝင်းနှင့် လိုင်စင်ရကန်ထရိုက်တာဒေါ်အေးအေးခိုင်တို့မှ ဤဌာနသို့လျှောက်ထား လာပါသဖြင့် ကန့်ကွက်ရန်ရှိပါကခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိ သည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၅)လမ်း၊ အမှတ်(၁၁၄)၊ ၄ လွှာ/B(အလယ်ခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေx ၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရောက်ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်စိုးမိုး [၁၂/သလန(နိုင်)၀၀၂၃၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးသန့်ဇော်ဦး [၁၂/သဃက(နိုင်)၀၅၀၆၄၉]နှင့် ဒေါ်ကြည်ကြည်မြင့် [၁၂/သဃက (နိုင်) ၁၆၆၄၈၄] တို့မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လေးလေးထိုက် LLB, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၀၇)**
**အမှတ်(၅၁၄/၅၁၈)၊ (၃–အေ)၊ ကုန်သည်လမ်း၊ တိုင်းရင်းမေကွန်ဒို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၃၃၉၈၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇**

**ဦးတင်အောင်မိုး** (တရားလို) နှင့် **ဒေါ်ယဉ်ယဉ်အေး** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရွှေလိပ်ပြာအိမ်ရာ၊ တိုက်(၁)၊ အခန်း–၂၀၅ နေ ဒေါ်ယဉ်ယဉ်အေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသရီမြင့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ် (၆၂၅) ဟုခေါ်တွင်သော အလျား ၁၈ ပေ x အနံ ၆၀ ပေ အကျယ်အဝန်းရှိ မြေနှင့်အိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအုန်းမြင့် [၁၀/သထန(နိုင်)၀၂၈၉၁၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါကကြော်ငြာပါသည့် နေ့ရက်မှ(၇) ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးထွန်းထွန်းသာ** အထက်တန်းရှေ့နေ (စဉ် – ၉၉၀၅)
**ဦးကျော်သန်း** တရားလွှတ်တော်ရှေ့နေ (စဉ် – ၅၀၅၆)

**တိုက် (စီ/၁၁)၊ အခန်း (၉၀၆)၊ (၉–လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ပါရမီလမ်း၊**
**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၂၅၁၃၀၃၈၊ ၀၉–၄၀၁၈၈၂၀၀၇၊ ၀၉–၇၃၁၂၄၀၇၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဒဂုံရွှေမြား(၁)လမ်း၊ မြေကွက်အမှတ် (၈၅၀)မြေ အကျယ်အဝန်း (၄၀x၆၀) ပေရှိ ဒေါ်မြင့်မြင့်အေးအမည်ပေါက်ဂရန်မြေအမျိုးအစားမြေကွက်အနက် တရားဝင် မခွဲစိတ်ရသေးသည့် (၂၀x၆၀ )ပေမြေကွက်နှင့် ရေ၊ မီး အစုံပါဝင်သောတစ်ထပ် တိုက်အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲထွန်း [၈/စလန(နိုင်)၀၉၄၄၁၈]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူဒေါ်နှင်းဆီဝင်း[၇/ပခန (နိုင်)၃၂၃၆၉၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၆–၇–၂၀၂၃)ရက်စွဲပါ အရောင်းအဝယ်စရန် ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်သောကြောင့်ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရွှေစင်မင်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၇၃၉၄)**
**အမှတ်(၇၈၃) ၊ဗိုလ်ရာညွန့်လမ်း ၊(၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၇၇၆၅၅၁၁၆၉**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ မြေကွက်အမှတ် (၆၇)၊ ဧရိယာ–(၄၀ပေx ၆၀ပေ)အကျယ်ရှိ ဒေါ်တင်တင်ဝင်း (RLN–၀၃၈၀၅၄) အမည်ပေါက် (ပါမစ်မြေအမျိုးအစား) မြေကွက်ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမြတ် သက်ထက်အောင် [၁၂/တမန(နိုင်)၁၁၄၅၉၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤမြေကွက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် ကြော်ငြာပါ သည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံတွင် စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မင်းနိုင်[LL.B,C.B.L,WIPO DL–101(GENEVA)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၂၇)**
**အမှတ် (၁၂၈)၊ မြေညီထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၀၀၃၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၃၈၀/ခ)၊(၃၈၁/က)ဟု ခေါ်တွင်သည့်မြေကွက် ပေါ်ရှိ (၂)ခန်းတွဲ၊ (၆ထပ်)အဆောက်အဦ၏ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ (မြေညီ+ထပ်ခိုး)ပါ ခေါင်းရင်းဘက်ခြမ်း၊ (အလျား၁၉ပေxအနံ၅၄ပေ) ၊အမြင့်(၁၇) ပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁) ခန်းအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင် ထားသူ ဒေါ်သီရိဝင်းမြင့် [၇/ပမန(နိုင်)၁၁၆၇၁၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ် တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇ )**
**Ph:09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**Ph:09–420080932,09–983837110**

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေအုန်းပင်ရိပ်သာ၊ အခန်း(၂၄)၊ တိုက်(၂၃)နေသူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းကြည်[၁၃/ကလန (နိုင်)၀၁၇၇၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေး၊ အဆင့်မြင့်အိမ်ရာ၊ (၆)ထပ်၊ (E/ခန်း) ဟုခေါ်တွင်သော ဧရိယာ(၁၂၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူမှ ဝယ်ယူသူသို့ ရောင်းချရန်ကမ်းလှမ်းရာ ဝယ်ယူသူမှ (၂၉–၆–၂၀၂၃)ရက်နေ့တွင် စရန်ငွေ သိန်း(၁၀၀)(ကျပ်သိန်း တစ်ရာတိတိ)အား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကျန်ငွေကို (၃၀–၇–၂၀၂၃)ရက်နေ့တွင် ပေးချေမည်ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝင်းကြည်**
**[၁၃/ကလန(နိုင်)၀၁၇၇၈၇]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၀၃၀)**
**အမှတ်–၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း–၀၉–၂၆၀၄၀၁၀၇၁၊**
**၀၉–၆၉၂၇၄၇၈၉**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၅)၊ မြေကွက်အမှတ်(၁၃၉၂)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ဝါဝါဝင်း[၁၂/ဒဂန(နိုင်)၀၂၉၀၅၄] အမည်ပေါက် နှစ်(၆၀)အငှားဂရန်မြေနှင့် ယင်းမြေကွက်တည်ရာ အမှတ်(၁၃၉၂)၊ ကျန်စစ်သားလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ထံက ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီ အထူးကိုယ်စားလှယ်လွှဲစာပါ ရယူထားသူ ဦးရဲထက်နိုင်[၁၂/အစန(နိုင်)၂၅၉၅၇၈]မှ တရားဝင်ရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ဒေါ်ခင်မာယာ[၁၃/တကန(နိုင်)၁၃၅၀၃၉]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၅(တ)၊ မြေကွက်အမှတ်(၅၆၇+၅၆၈)၊ အကျယ်အဝန်း(၆၀x၅၀)ပေ၊ မြေအမျိုးအစား ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်စိုးနှင်းမျိုး[၇/အဖန(နိုင်)၀၀၁၃၁၇]က မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းမင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၇၃၂၀)**
**အမှတ်(၅)၊ ဈေးကလေးရပ်ကွက်၊ တောလမ်း၊ ထီးတန်းအိမ်ရာ၊**
**ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉-၂၆၂၇၄၀၂၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်စီးတီးအိမ်ရာစီမံကိန်း၊ အဆောက်အဦအမှတ်(အေ)၊ အခန်း အမှတ်(၇၀၅)ကြမ်းခင်း ဧရိယာ(၁၀၀၀)စတုရန်းပေအား လက်ရှိပိုင်ဆိုင်သူ Grand Style Co.,Ltd-ကိုယ်စား -ဦးမြတ်သူ(ဒါရိုက်တာ)[၁၂/ဒဂန(နိုင်)၀၁၅၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်း အထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင်(LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၃၁/၂၄-၁-၂၀၁၉)**
**အမှတ်-၁၉၅၊ ကနောင်(၆)လမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-798104614**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၄၃)လမ်း၊ အမှတ်( ၅၈/၆၀)နေ ဦးလာလ်များ[၁၂/ဗတထ(နိုင်)၀၄၆၅၁၈]နှင့် ဒေါ်ဆောင်ဂျီဒါဘေဂေါင် [၁၂/ဗတထ(နိုင်)၀၄၆၅၁၉]ကိုင်ဆောင်သူတို့၏ သားဖြစ်သူ မာမက်တော်ယုတ်(ခ)မောင်စိုးမြင့်[၁၂/ဗတထ(နိုင်)၀၄၅၈၅၂]သည် မိဘများအား စိတ်ဆင်းရဲစေရန် ပြုလုပ်ခြင်း၊ မိဘများ ဆိုဆုံးမသည်ကို နာခံခြင်းမရှိဘဲ မကြာခဏ အကြောင်းအမျိုးမျိုးဖြင့် မိဘများ၏ ကိုယ်စိတ်နှစ်ပါးအား ဒုက္ခပေးနေသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပြတ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ နောက်နောင် မာမက်တော်ယုတ် (ခ)မောင်စိုးမြင့်နှင့် ပတ်သက်၍ မည်သည့်ပြဿနာ တစ်စုံတစ်ရာမျှ ဖြေရှင်းပေးလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၉)**
**Ph:09-254048547, 09-793268348**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ တိုက်အမှတ်-(၉၁)၊ (၆)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်(၃-လွှာ)(ခေါင်းရင်းခန်း)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၁၆-၁၁-၂၀၁၁)ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်နိုင်ဦး[၁၄/ရကန(နိုင်)၀၁၀၁၁၃]နှင့် ဒေါ်နီလာမြထိုက် [၁၂/မဂတ(နိုင်)၀၅၃၉၅၂] တို့မှ ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ မြေရှင်ဒေါ်အေးသိန်းမှလည်း ဖော်ပြပါစာချုပ်တွင် အသိအမှတ်ပြုလက်မှတ် ရေးထိုးချုပ်ဆိုပေးခဲ့ပါသည်။ ဦးဇော်နိုင်ဦးမှာ ကွယ်လွန်သွားပြီဖြစ်ပြီး၊ ဒေါ်နီလာမြထိုက်မှ ဖော်ပြပါတိုက်ခန်းတွင် ယနေ့အချိန်ထိ နေထိုင်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာမြထိုက်မှ ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းထားခြင်းတို့မရှိပါကြောင်း၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု၊ အကျိုးခံစားခွင့်အစရှိသဖြင့်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာမြထိုက်နှင့်သာလျှင်သက်ဆိုင်မည်ဖြစ်ပါကြောင်းနှင့်မည်သူတစ်ဦးတစ်ယောက်မဆို ဒေါ်နီလာမြထိုက် မသိရှိဘဲ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မရိုးမဖြောင့်သောသဘောဖြင့် မည်သည့်ပြုလုပ်မှုကိုမှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခင်(LL.B, D.BL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄)**
**(Ph:၀၉-၂၅၂၆၄၀၀၂၄)**

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း ကြေညာချက်

ကျွန်တော် ဦးဆန်းလင်းကျော်[၁၁/မပန(နိုင်)၁၁၇၂၀၅]၏ ဆယ်တန်းအောင်လက်မှတ်မူရင်း၊ ဥပဒေဘွဲ့လက်မှတ်မူရင်းတို့တွင် ဖခင်အမည်မှာ ဦးအောင်သန်းဟု ဖော်ပြထားပြီး မှတ်ပုံတင်မူရင်းနှင့် သန်းခေါင်စာရင်းမူရင်းတွင် ဦးမောင်အောင်သန်းဟု ဖော်ပြထား၍ အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။

**ဦးအောင်သန်း(ခ)ဦးမောင်အောင်သန်း [၁၁/မပန(နိုင်)၀၀၆၈၃၄]**

## မမှန်မကန်ပြုသူများနှင့်အများသိစေရန် သတိပေး ကြေညာချက်

၁။ Alpha World Link Co.,Ltd. (ပထမကမ္ဘာ့အဆက်အသွယ်ကုမ္ပဏီလီမိတက်)သည် တရားဝင်ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလိုင်စင်အမှတ်-၁၀၄/၂၀၁၇ ဖြင့် မလေးရှားနိုင်ငံ နှင့်ထိုင်းနိုင်ငံတို့တွင်ရှိ စက်ရုံအလုပ်ရုံတို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ (အလုပ်သမားဝန်ကြီးဌာန)၊ အလုပ်အကိုင်များပေးအပ်သော ပြည်ပအလုပ်ရှင်များနှင့် ပြည်ပအလုပ်အကိုင်ရှာဖွေသူများ အကြားတွင် တစ်စုံတစ်ရာ အစွန်းအထင်းမရှိ နာမည်ကောင်းဖြင့် ရှင်သန်ရပ်တည်လာခဲ့သည်မှာ စတင်တည်ထောင်သည်မှ ယနေ့အထိ ဖြစ်ပါသည်။

၂။ Alpha World Link Co.,Ltd.သည် Alpha World Link Overseas Employment Agency အမည်ရှိ လူမှုကွန်ရက်စာမျက်နှာ Facebook Page တစ်ခုကို ဖွင့်လှစ်ခဲ့ပြီး ပြည်ပအလုပ်အကိုင်ရှာဖွေသူတို့နှင့် မိမိတို့အေဂျင်စီအကြားအဆက်အသွယ်ကောင်းတစ်ခုကို ဖန်တီးခဲ့ပါသည်။ ထို Facebook Page တွင် မိမိတို့တစ်ခုတည်းနှင့်တရားဝင်တည်ထောင်ဖွင့်လှစ်ထားသည့် "အမှတ်-၉၉(မြေညီ)၊ ၉၃-လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့" ဟူသော ရုံးခန်းလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းအမှတ်များဖြစ်သော "၀၁-၈၃၈၄၂၄၂၊ ၀၉-၇၃၀၆၉၇၅၅ ၊ ၀၉-၇၆၅၁၇၆၂၉၁ ၊ ၀၉-၄၄၇၈၀၈၄၃၀" တို့ကို မိမိတို့၏ လုပ်ငန်းအမှတ်တံဆိပ်၊ လိုင်စင်အမှတ် တို့နှင့်တကွ ထင်ရှားစွာဖော်ပြထားခဲ့ပါသည်။

၃။ သို့ရာတွင် ၂၀၂၃ ခုနှစ် နှစ်ဆန်း၌ Alpha World Link Overseas Employment Agency ဟူသော Facebook Page ကို တုပ၍ မသမာသူများဖန်တီးထားသည့် Facebook Page အတု (၂)ခုကိုတွေ့ရှိခဲ့ရာ ထို Page (၁)ခုတွင် ဆက်သွယ်ရန်ဖုန်းအမှတ်+၉၅၉ ၆၈၉၃၅၃၄၉၁ နှင့် **makt03196@gmail.com** တို့ကို ဖော်ပြထားသော်လည်း Agency ၏ ရုံးခန်းလိပ်စာကို အစစ်အမှန် Alpha World Link Co.,Ltd. ၏ လိပ်စာကိုသာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထပ်မံ၍ ၂၀၂၃ ခုနှစ်၊ ဇွန်လဆန်းခန့်တွင် မသမာသူများမှ Alpha World Link Overseas Employment Agency အမည်ဖြင့် Facebook Page အတုတစ်ခု ထပ်မံပြုလုပ်ထားပြန်သည်ကို တွေ့ရှိခဲ့ရာ ထို Page တွင် ဖုန်းအမှတ်- +၉၅၉-၇၅၇၇၃၉၉၆၁၊ ၀၉-၆၉၇၉၇၇၁၂၅ နှင့် **min864419@gmail.com** တို့ကို ဖော်ပြထားသော်လည်း Agency ရုံးခန်းလိပ်စာကို အစစ်အမှန် Alpha World Link Co.,Ltd. ၏လိပ်စာကိုသာ ဖော်ပြထားသည်ကို တွေ့ရှိရသည့်အပြင် ထက်မြတ်အောင် (Foreign Agency) Facebook Page တွင် ပထမကမ္ဘာ့အဆက်အသွယ်ကုမ္ပဏီလီမိတက် Alpha World Link Co.,Ltd. ဦးမင်းခန့်ဇော် Ph-959264297184 ဟု ဖော်ပြထားပြီး ငွေလွှဲရန် WAVE PAY ကိုယ်ပိုင်နံပါတ် 9688945608 ကို ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ အထက်တွင် ဖော်ပြထားသည့်အတိုင်း Alpha World Link Co.,Ltd. မှဖွင့်လှစ်ထားသည့် Facebook Page ကိုတုပ၍ Facebook Page အတုပြုလုပ်ထားသူတို့သည် ငွေကြေးလိမ်လည် တောင်းခံနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့၏ Page များ၌ Alpha World Link Co.,Ltd. ၏ တရားဝင် Page တွင် ဖော်ပြထားသောအချက်များနှင့် ပြည်ပထွက်ခွာသူများ၏ ဓာတ်ပုံများကိုတင်ခြင်း၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးသည်၊ ပြည်ပအလုပ်အကိုင်သက်သေခံလက်မှတ်ကတ်ပြုလုပ်ပေးသည်ဟု ကြေညာခြင်း တို့ကိုပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၅။ အများပြည်သူများအနေဖြင့် မိမိတို့၏ ငွေကြေးနှင့်အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ဤကြော်ငြာအပိုဒ်(၂)တွင် ပါရှိသော အစစ်အမှန် Alpha World Link Co.,Ltd. ၏ နေရပ်လိပ်စာနှင့် ဖုန်းအမှတ်များကို တိုက်ရိုက်ဆက်သွယ်၍ ပြည်ပအလုပ်အကိုင်ရရှိရေး ဆောင်ရွက်ကြပါရန်နှင့် အတုပြုလုပ်ထားကြောင်း ဤကြော်ငြာချက် အပိုဒ် (၃)တွင်ပါရှိသည့် ဖုန်းအမှတ်နှင့် လူပုဂ္ဂိုလ်များသို့ ဆက်သွယ်မှု မပြုကြပါရန် ကြေညာအပ်ပါသည်။

၆။ ထို့အပြင် မသမာသူများအား အထူးသတိပေးလိုသည်မှာ အမှန်တကယ်ပြည်ပတွင် သွားရောက်အလုပ် လုပ်လိုသူများ၏ ရိုးသားမှုအပေါ် အခြေပြု၍ ထိုသူတို့ထံမှ ငွေလိမ်လည်ရယူရန်အကြံဖြင့် Alpha World Link Overseas Employment Agency အမည်နှင့်ဖြစ်စေ၊ ထိုအမည်ဖြင့် ဆင်တူယိုးမှားဖြစ်စေ တုပပြုလုပ်ထားသည့် Facebook page(အတု)များကို ဖျက်သိမ်း၍ ရိုးသားဖြောင့်မတ်သူများကို လိမ်လည်နေခြင်းအား ရပ်တန့်ပါရန်နှင့် ရပ်တန့်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**Alpha World Link Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကိုကိုဦး (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၈၈၄၆)**

**Pan Sodan Office Tower,**
**Room No. (12/B), 12th Floor,**
**Corner of Anawrahta Road**
**and Pan Sodan Road,**
**Kyauk Tada Township, Yangon,**
**Myanmar.**
**Mobile: (+959) 765 443 750 ,**
**(+959) 5090942**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဓမ္မရာဇာ(၂)လမ်း၊ မြေကွက်အမှတ်(၆၉)ဟုခေါ်တွင်သည့် မြေအကျယ် အလျား(၆၀)ပေxအနံ(၄၀)ပေ (စတုရန်းပေ-၂၄၀၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်တစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မိုးမိုး [၁၂/သဃက(နိုင်)၀၂၂၅၈၀]က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၂၆)**
**အမှတ်-(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တပင်ရွှေထီး)၊ ဦးအောင်ဇေယျ(၅)လမ်း၊ မြေကွက်အမှတ်-(၆၆၆/က)၊ မြေအကျယ်(၂၀ပေx၆၀ပေ)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်မှာ ဦးငွေရ [၁၂/ဗဟန(နိုင်)၀၅၀၇၁၅]နှင့် ဒေါ်မြင့်မြင့်ကြည်[၁၂/ဗဟန(နိုင်)၀၅၃၀၁၂]ဖြစ်ပြီး ၎င်းတို့ထံမှ ဒေါ်လင်းလင်း[၁၂/လမတ(နိုင်)၀၁၅၅၁၈]က နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် (၇-၇-၂၀၂၃) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်နှင့်အဆောက်အဦ၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသေချာသော မူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်မှုမရှိ၊ ကျော်လွန်သွားပါက ၎င်းမြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးစုလှိုင်(LL.B,D.B.L,D.I.L) အထက်တန်းရှေ့နေ(စဉ်-၃၄၅၁၇)**
**တိုက်(၃၆)၊ ဒုတိယထပ်(ဝဲ)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph:09-422662324,09-691996320**

## "ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၃၃၂)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစောမြ အမည်ပေါက် မြေချပါမစ် မူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းကိုကိုလတ်[၈/ရနခ(နိုင်)၀၆၉၈၇၄]မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာမိုး L.L.B**
**အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**အမှတ်(၈၆)၊ အင်းဝကျောကပ်လမ်း၊ (၁၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၇၄၅၈၅၂၉၊ ၀၉-၇၃၂၃၁၀၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၃၆)လမ်းထောင့်၊ အမှတ်(၁၃၆)၊ မြေညီ၊ အခန်းအမှတ်(၅)၊ ( တိုက်ကိုမျက်နှာမူလျှင်-ညာဘက်ဆုံးခန်း) အကျယ်အဝန်း(၁၀ပေx ၅၀ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းကျော်[၁၂/ကတတ(နိုင်)၀၀၆၅၁၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၄၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ ဆဋ္ဌမထပ်၊ (၇-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်ကြသော (ကွယ်လွန်သူ လူပျိုကြီး ဦးဇော်ထွန်း၏ ညီများ) (၁) ဦးရဲထွဋ် [၁၂/စခန(နိုင်)၀၂၂၇၉၅]နှင့် (၂) ဦးရဲညွန့် [၁၂/စခန(နိုင်) ၀၂၁၄၉၇] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲလင်းထွဋ် [၁၂/စခန(နိုင်)၀၆၀၇၆၃]က တရားဝင်နည်းလမ်းတကျ အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ တိုက်ခန်းအား မည်သူမဆို နှောင့်ယှက်ဟန့်တားခြင်း ပြုလုပ်ခဲ့မည်ဆိုပါက တရားဥပဒေနည်းလမ်းရှိသမျှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရေန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **B.A,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၄၂၁၀၃၅၉၆၃** | **၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ်(၄၂)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း( ၁၂ ၁/၂ x ၅၈)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မာဆွေ [၇/ပခန (နိုင်) ၀၇၄၀၁၉] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်-၁၀၀၆၃)** | **B.A,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **၀၉-၄၂၁၀၃၅၉၆၃** | **၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၄၂၀) နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား (၄၅'x၆၀')၊ (၂၇၀၀) စတုရန်းပေအကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးဝမ်းတင်(ပီကေဂျီ-၀၅၆၆၄၃) [၁၂/ဗဟန(နိုင်)၀၅၀၄၃၀] က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝ ရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် များရှိသည်ဟုအဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီ မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)(၁၆၇၁၃)** | **(တရားလွှတ်တော်ရှေ့နေ)(၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက် (ဘုရားကုန်းကျေးရွာအပိုင်မြေ)၊ ပဒေသရာဇာလမ်း၊ ကွင်းအမှတ်(၆၇၁)၊ ကျောင်းကန်အရှေ့ကွင်း၊ မြေကွက်အမှတ်(၁၂/က)၊ ဧရိယာ(၀.၀၉၈)ဧက အကျယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးသိန်းဝင်းနိုင် အမည်ဖြင့် ချထားပေးသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသိန်းဝင်းနိုင်(ဘ)ဦးလှစိန် [၇/ပခန(နိုင်) ၀၉၇၈၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မျိုးသီတာမြင့်(ဘ)ဦးသိန်းမြင့်[၁၂/မဂဒ(နိုင်)၀၁၃၆၇၅]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၉/၂၀၁၄)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၁၉၂၈၂၅** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း)၊ သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကျောင်းစု)၊ မြေကွက်အမှတ်(၁၂၉/က) (အလျား ၂၀ပေ x အနံ ၅၀ပေ) အကျယ်အဝန်းရှိ ဦးသိန်းနု [၁၂/ဒလန(နိုင်)၀၂၂၅၃၆] အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်ပြုခြင်းအတွက် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အဆိုပါမြေကွက်အား အမည်ပေါက် ဦးသိန်းနုနှင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ကျေးတို့သည် အသီးသီးကွယ်လွန်သွားပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ ၎င်းတို့၏ တစ်ဦးတည်းသောသား ဦးခင်အောင် [၁၂/ဒလန(နိုင်)၀၃၆၁၂၄]မှ လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းမရှိ တာဝန်ယူကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း များနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွန့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန်းထက်ထက်ဇော်**
**LL.B, D.B.L, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ စဉ်(၁၃၇၁၇)**
**အမှတ်(၄၅၀)၊ ပါရမီလမ်းသွယ်(၃)၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၃၁၇၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကျောင်းစု)၊ မြေကွက်အမှတ်(၆/က)၊ (အလျား ၂၀ပေ x အနံ ၅၀ပေ)အကျယ်အဝန်းရှိ ဦးမောင်မောင်တာ [၁၂/ဒလန(နိုင်) ၀၃၁၇၃၄]အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ် ပြုလုပ်ခြင်းအတွက် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသာခင်သည် (၂၇-၄-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်၍ ၎င်း၏တရားဝင် ဇနီးဖြစ်သူ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ ဒေါ်မြင့်မြင့်ရီ[၁၂/တတန(နိုင်) ၀၅၂၉၂၈]မှ လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်၊ စီမံခန့်ခွဲခွင့် ရှိကြောင်း အရှုပ်အရှင်းမရှိ တာဝန်ယူကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူ များရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန်းထက်ထက်ဇော်**
**LL.B, D.B.L, D.I,L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ စဉ်(၁၃၇၁၇)**
**အမှတ်(၄၅၀)၊ ပါရမီလမ်းသွယ်(၃)၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၃၁၇၀**

## “ကောင်း”ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ဦးတည်းသောပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း




အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်မောင် [၁၄/လပတ(နိုင်)၀၄၆၀၂၀]သည် အဆိုပါ အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၆-၈-၂၀၁၉)ရက်နေ့တွင် **“ကောင်း”** အမှတ်တံဆိပ်ဖြင့် ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ မြေပဲဆီ၊ အုန်းဆီနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ဖြူးရောင်းချရန်အတွက် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါကျွန်ုပ်မိတ်ဆွေအသုံးပြုလျက်ရှိသော အထက်တွင်ဖော်ပြထားသည့် **“ကောင်း”** တံဆိပ်အမှတ်အသားအား အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံစံတူပြုလုပ်ခြင်းများ ဈေးကွက်အတွင်း တွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏အကျိုးစီးပွားထိခိုက် နစ်နာမှုအတွက် အတုအပပြုလုပ်နေသူများအား သက်ဆိုင်ရာဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း နှင့် ၎င်းတို့ပြုလုပ်ထားသည့် ကုန်အမှတ် တံဆိပ်အမှတ်အသားများကိုပါ ပယ်ဖျက်သည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် တရားစွဲဆိုရာတွင် ကျခံရမည့်ကုန်ကျစရိတ်နှင့် နစ်နာကြေး ငွေများကိုပါ ထည့်သွင်းစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာမင်း (LL.B, D.B.L, D.I.L, D.M.L, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၀)**
**အမှတ်-၄၂၉ ၊ သုမိတ္တာ(၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်-၆ ၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း - ၀၉-၄၂၅၀၁၃၁၂၇**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၄၆

**ကွယ်လွန်သူ ဒေါ်အုံးကြွယ်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၅၁၅)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အုံးကြွယ်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်အောင်(၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးကျော်ကျော်အောင်)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် ( ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အုံးကြွယ်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်(၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးတင်အောင်(၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဦးကျော်ကျော်အောင်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## “အိမ်ခြံမြေ ဝယ်ယူမည်”ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝိုင်ဝိုင်အေ [၆/သရခ(နိုင်) ၀၃၉၃၃၃] ကိုင်ဆောင်သူသည် **“ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၄၈)၊ ပိတောက် (၃)လမ်း၊ အိမ်အမှတ် (၁၄၈)ဟုခေါ်တွင်သော အကျယ်(၄၃x၆၀)ပေ ရှိသည့်အနက်မှ (၂၃x၆၀)ပေရှိ (ခေါင်းရင်းဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်”** တို့အား စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်သူဖြစ်သော “ဒေါ်သဉ္ဇာ ဝင်း [၁၃/ကမန(နိုင်)၀၀၀၄၃၉]” ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ ရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်း အဝယ်ကိစ္စအထ မြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ် - ၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အောင်စစ်သည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- (၃၅)၊ မြေကွက်အမှတ်-(၆၈၃/က)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ) ဟုခေါ်တွင်သော ဦးခင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူလက်ဝယ်ထား ပိုင်ဆိုင်သူ ဦးဖြိုးသူအောင်[၁၂/မရက(နိုင်)၁၄၀၂၄၅] နှင့် ဒေါ်မေသူနိုင်[၁၂/ဥကတ(နိုင်)၁၇၇၁၈၉] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆုလဲ့လဲ့နိုင်[၁၂/ရပသ(နိုင်)၁၀၇၈၃၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဆုလဲ့လဲ့နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းမြင့်မော် (LL.B, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၁၀၈၀၀ ၊ ၀၉-၆၇၃၉၅၈၉၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၇၈၉)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ) ရှိ ပါမစ်မြေကွက် [နေရပ်လိပ်စာအားဖြင့်အမှတ် (၇၈၉)၊ မေတ္တာ (၆) လမ်း၊ (၈၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့] ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးသောင်းဝင်း (ခ) ဦးကျော်စွာသောင်း [၁၂/မဂတ (နိုင်) ၀၆၁၇၀၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၆-၇-၂၀၂၃) ရက်နေ့စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် စရန်ငွေပေးကတိပြုစာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးဟန် B.A. (Law), LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)**
**အမှတ် (၂၆၆/ခ)၊ မြို့သစ် (၈) လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၂၉၃**

## “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ အမှတ် (၁၆၆)၊ (၄)လွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော (အလျား ၅၀ x အနံ ၁၂.၅) ပေအကျယ်အဝန်းရှိ ရေ၊ မီးအစုံ တိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူဝင်း [၁၂/ဒပန(နိုင်)၀၅၇၇၇၁၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အား ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးမင်းဆွေ [၈/ထလန(နိုင်)၀၀၀၅၂၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိဏ်းနေစိုး LL.B, MA (Business Law), MBA(Candidate), DBL, DLS, ADHNA (India), HLS2SX (Harvard University), DL-101, DL-117, PCT-101E22 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၇၈)**
**အမှတ်-(၇၈၇/၁၀) ၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၆၉၈၂၀၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၀၅)၊ မြေညီ+ထပ်ခိုးထပ်၊ အကျယ်အဝန်း (အလျား၂၇ပေ x အနံ၄၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ် စာချုပ်များဖြင့် ဝယ်ယူထားသူများဖြစ်ကြသော ဦးမျိုးလွင်ဦး [၁၂/တကန(နိုင်)၁၀၄၈၀၅] နှင့် ဒေါ်မိုးမိုးထွေး [၁၂/ တကန(ပြု)၀၀၀၀၅၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လတ်ယဉ် [၁၂/ကမရ(နိုင်)၀၀၄၁၁၇] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ် တစ်ဒေသကို (၇-၇-၂၀၂၃)ရက်စွဲဖြင့် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း(မူရင်း)အထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက် လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၁)၊ ကမာရွတ်၊ မြေကွက်အမှတ်(၇၇/၁)ဟုခေါ်တွင်သော အမှတ်(၇၇/က)၊ ငုဝါ(၄)လမ်း၊ (၄)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်ရှိ မြေအကျယ်အဝန်း (၂၄ပေ၆လက်မ ၃၀ပေx၄၁ပေ)ရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာန ရှိ မြို့မြေစာရင်းတွင် **ဦးအုံ့ဇော်မောင် [၁၂/ကမရ(နိုင်)၀၄၈၅၃၄]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည် ပေါက်ထံမှ **ဦးမိုးကျော်သူ[၁၂/ဒလန(နိုင်)၀၀၀၆၁၉]** သည် **“နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်”** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကား ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် (၄၆)၊ ဒုတိယထပ် (ဟောင်ကောင်)၊ (၂) လွှာ၊ အကျယ်အဝန်း (၁၅ x ၅၅)ပေရှိ တိုက်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်များဖြစ်ကြသော (၁) ဦးမောင်မောင်တင်လင်း [၁၂/မရက (နိုင်) ၀၄၂၁၇၉] ၊ (၂) ဒေါ်သက်သက်မောင် [၁၂/သဃက (နိုင်)၀၄၅၅၀၁]၊ (၃) ဦးဝင်းကိုကို [၁၂/မရက(နိုင်)၀၁၄၄၈၂]၊ ၄။ ဒေါ်သင်းဝတ်ရည် [၁၂/ဒဂမ(နိုင်)၀၁၆၃၈၁] နှင့် ၅။ ဒေါ်ခင်ဖုန်းမိုမို [၁၂/မရက (နိုင်)၁၃၆၇၅၈] (ကွယ်လွန်သူ ဒေါ်သန်းဌေး ၏ သား/သမီးများ)တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက် ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** | **ဖုန်း-၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။**

## မြွေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ မကွေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော မြွေပွေး(၁၂၀၀)ကောင်နှင့် မြွေဟောက်(၄၀၀)ကောင် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သားနှင့်အထက်ရှိရမည်ဖြစ်ပြီး မြွေပွေးတစ်ကောင်လျှင် (၁၀,၀၀၀)ကျပ်နှုန်း၊ မြွေဟောက်တစ်ကောင်လျှင် (၁၅,၀၀၀) ကျပ်နှုန်းဖြင့် စက်ရုံသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၆၂၇၃/၆၄၆၂၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ( ၂ )ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (၆)၊ အခန်းအမှတ် (၁၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းသန်း [၇/တငန(နိုင်)၀၄၀၅၄၈]ထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ပြန်လည် ဝယ်ယူထားသူ ဦးအောင်မျိုးသူ [၁၂/ပဇတ(နိုင်)၀၃၁၅၇၄] က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

